# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေ ပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 18 March 2022 ၁၀၆၈၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### နိုင်ငံတော်၏ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန်အထောက်အကူပြုမည့် အသုံးစရိတ်များကို ဦးစားပေးလျာထားဆောင်ရွက်

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များ ဆက်လက်အားပေးမြှင့်တင်သုံးစွဲသွားမည်

**နေပြည်တော် မတ် ၁၇**

ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆



ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။




ကြေးမုံ

# ကျန်းမာပြည့်ဖြိုးစီးပွားတိုး စိုက်ပျိုးထုတ်ကုန်မြှင့်တင်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။ နိုင်ငံတွင် စိုက်နိုင်ပျိုးနိုင်၊ အသုံးချနိုင်သော မြေသယံဇာတ ပေါများကြွယ်ဝစွာ ရှိနေသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ကျေးလက်နေပြည်သူအများစုသည် စိုက်ပျိုးရေးဖြင့် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်ကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် လူဦးရေနှစ်စဉ် တိုးတက်နေသော်လည်း စားနပ်ရိက္ခာအတွက် လိုအပ်ချက်မရှိပေ။ ပိုလျှံသည်များကိုလည်း ပြည်ပသို့ပင် တင်ပို့နိုင်သည်။

သို့သော် မြန်မာနိုင်ငံတွင် စိုက်ပျိုးထုတ်ကုန် စားသောက်ကုန်များအနက် ဆန်မှလွဲ၍ အခြားသီးနှံထွက် စားသောက်ကုန်များကို နိုင်ငံအတွက် တင်သွင်းနေရသည်မှာ စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအဖို့ အထူးအဆန်းသဖွယ် ဖြစ်နေသည်။ မြန်မာနိုင်ငံမှထွက်ရှိသော စိုက်ပျိုးထွက်ကုန်များမှာ လုံလောက်အောင်ထွက်ရှိမှု မရှိပေ၍လား၊ အရည်အသွေးမီ အဆင့်အတန်းရှိ မဖြစ်ပေ၍လား တစ်ခုခုဖြစ်နိုင်သည်။ ပကတိအနေအထားတွင် ထိုအကြောင်းအချက်နှစ်ခုလုံးနှင့် ပတ်သက်နေသည်ဟု ဆိုရမည်ဖြစ်သည်။

စက်မှုပစ္စည်း၊ နည်းပညာပစ္စည်း စသည့်အဆင့်မြင့်ပစ္စည်းများအား ပြည်ပမှ တင်သွင်းနေရသည်မှာ သဘာဝကျပေသည်။ စိုက်ပျိုးရေးနိုင်ငံဖြစ်ပါလျက် စိုက်ပျိုးထွက်ကုန်ပစ္စည်းများကို ပြည်ပမှ မှာယူတင်သွင်းနေရသည်မှာ သဘာဝမကျပေ။ သဘာဝမကျသည့်အပြင် ပြည်သူများအနေဖြင့် ထွက်ငွေအပိုကုန်ကျပြီး နိုင်ငံတော်အနေဖြင့် နိုင်ငံခြားငွေမလိုအပ်ဘဲ ယိုဖိတ်လျက်ရှိသည်။ ပြည်တွင်း အသားတင်ထုတ်လုပ်မှု လျော့နည်းကျဆင်းပြီး နိုင်ငံ့စီးပွားရေး မြင့်မားတိုးတက်ရေးအတွက် အဟန့်အတားဖြစ်နေသည်။

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြည်သူများ ကျန်းမာရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရည်အသွေးပြည့်မီသော စိုက်ပျိုးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်ကြရန် မကြာခဏတိုက်တွန်း ပြောကြားလျက်ရှိသည်။ ပြည်ပမှ နှစ်စဉ်မှာယူတင်သွင်းနေရသော စိုက်ပျိုးထွက်ကုန် ပစ္စည်းများတွင် ဆီထွက်သီးနှံများသည် အများဆုံးဖြစ်နေသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံတွင် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ဆီမုန်ညင်း စသည့် ဆီထွက်သီးနှံများကို အဓိကစိုက်ပျိုးလျက်ရှိပြီး ၂၀၂၀-၂၀၂၁ ခုနှစ်တွင် ဆီထွက်သီးနှံစိုက်ဧက ၇ ဒသမ ၄ သန်းစိုက်ပျိုးနိုင်သဖြင့် ဆီမက်ထရစ်တန် ၇ ဒသမ ၅ သိန်းခန့်ထွက်ရှိခဲ့သည်။

ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းခန့်အား စားသုံးဆီအဖြစ် ထုတ်လုပ်လျက်ရှိပြီး ကျန်ဆီထုတ်လုပ်မှုကို အခြားလုပ်ငန်းများတွင် အသုံးပြုသည်။ မြန်မာနိုင်ငံတွင် ဆီအုန်းစိုက်ဧက လေးသိန်းကျော် စိုက်ပျိုးပြီး ဆီသီးခိုင်တန် ခုနစ်သိန်းခန့်ထွက်ရှိသော်လည်း ပြည်တွင်းစားသုံးမှုမလုံလောက်သဖြင့် ပြည်ပမှ ဆီအမျိုးမျိုးကို နှစ်စဉ် တန်ချိန် ကိုးသိန်းခန့်အထိ မှာယူတင်သွင်းနေရသည်။ ယခုအခါ ကမ္ဘာ့စီးပွားရေးဂယက်ရိုက်ခတ်မှုကြောင့် ပြည်ပမှတင်သွင်းသည့် ဆီဈေးနှုန်းများတက်လာပြီး နိုင်ငံတော်နှင့် ပြည်သူများအတွက် အပိုကုန်ကျမှုများ ဖြစ်လာသည်။

ယခုအခါ နိုင်ငံတော်၏လမ်းညွှန်မှုအရ ဆီထွက်သီးနှံအမျိုးမျိုးကို နိုင်ငံအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် တောင်သူများ၏ ဆီထွက်သီးနှံတိုးတက်လာအောင် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ အညာဒေသဖြစ်သည့် မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးများဖြစ်ပြီး ယခုအခါ ဆီထွက်သီးနှံတိုးတက်ထွက်ရှိရေးကို ကြိုးပမ်းဆောင်ရွက်နေကြသည်။ ဆီထွက်သီးနှံအမျိုးမျိုးတွင် နေကြာသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်ပြီး အထွက်နှုန်းကောင်းမွန်သဖြင့် နေကြာတိုးတက်စိုက်ပျိုးရေးကို ကြိုးပမ်းနေကြသည်။

မန္တလေးတိုင်းဒေသကြီးတွင် ၂၀၂၂-၂၀၂၃ ခုနှစ် စိုက်ပျိုးရာသီ၌ ကျန်းမာရေးနှင့်ညီညွတ်သော စားသုံးဆီကို ပြည်သူများ ဖူလုံစွာစားသုံးနိုင်ရန်နှင့် သွင်းကုန်အစားထိုး ဆီထွက်သီးနှံတိုးတက်ထွက်ရှိရေးအတွက် ဆီအထွက်နှုန်းကောင်းမွန်သည့် နေကြာသီးနှံဧက သုံးသိန်းခန့် စိုက်ပျိုးသွားမည်ဟုသိရသည်။ မန္တလေးတိုင်းဒေသကြီးတွင် စိုက်ပျိုးသီးနှံမျိုးစုံစိုက်ပျိုးကြပြီး စပါးကို ဆည်ရေသောက်စနစ်ဖြင့် အဓိကစိုက်ပျိုးကြသည်။ ဆီထွက်သီးနှံကို ဒုတိယအများဆုံးစိုက်ပျိုးကြပြီး နိုင်ငံအတွက် ဆီဖူလုံမှု ၁၈၃ ရာခိုင်နှုန်းရှိ၍ ပြည်တွင်း၌ စားသုံးဆီဖူလုံရေးအတွက် အဓိကအားထားရသည့် တိုင်းဒေသကြီးဖြစ်သည်။

သို့ဖြစ်ရာ ပြည်ပမှ နှစ်စဉ်အများဆုံးဝယ်ယူနေရသည့် စားအုန်းဆီတင်သွင်းမှုကို လျှော့ချနိုင်ရန် ကျန်းမာပြည့်ဖြိုး စီးပွားတိုးမည့် ဆီထွက်သီးနှံအမျိုးမျိုး တိုးချဲ့စိုက်ပျိုးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသားပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် မတ် ၁၇

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ မြို့မဘုန်းတော်ကြီးကျောင်း ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ အုတ်ကန်တောရစာသင်တိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိသာသနာ့ရောင်ခြည်ကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဟိုခုံပရိယတ္တိစာသင်တိုက်နှင့် တာချီလိတ်မြို့နယ်ရှိ နဂါးရုံဓမ္မရိပ်သာကျောင်းတိုက်တို့သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်ရှိ ရွှေရောင်ပြပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။



သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၇ - ၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၁၉၂ | ၁,၅၃၆,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၀၀ | ၁,၄၀၃ | ၃,၉၅၀,၃၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၅၀ | ၉၂၅,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁ | ၂,၆၀၀ |
| EFR | ၂,၇၀၀ | ၂,၇၅၀ | ၃၄၅ | ၉၃၁,၇၅၀ |
| AMATA | ၅,၁၀၀ | ၅,၁၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၁၇

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၇၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၉၆၃.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၀.၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၃.၅၃၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၃.၈၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၄၅၂ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၀၂.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၁၁.၇ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၉၈.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၆.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်ရှိအခြေအနေအရ ပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ပြည်ပသွင်းကုန်များ စိစစ်တင်သွင်းရေးကို အလေးထားဆောင်ရွက်လျက်ရှိ ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် အရည်အသွေးပြည့်မီသည့် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်

☆ ရှေ့ဖုံးမှ

ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များက ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

**ဦးစားပေးလျာထား**

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အရအသုံးခန့်မှန်းခြေငွေစာရင်းများကိုရေးဆွဲရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့ကို အခြေခံပြီး မူဝါဒ၊ ညွှန်ကြားချက်များနှင့်အညီ ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတား၊ အနှောင့်အယှက်များရှိနေသော်လည်း မိမိတို့လျာထားသည့် ရငွေများကို လျာထားချက်အတိုင်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ်များကိုလည်း နိုင်ငံတော်၏စီးပွားရေး ပြန်လည်ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုမည့် အသုံးစရိတ်များကိုသာ ဦးစားပေးလျာထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

နိုင်ငံအတွင်းတွင်ရှိသည့် လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေ ပြည်သူများဖြစ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး အသက်မွေးဝမ်းကျောင်းပြုကြရသည့် သူများဖြစ်သည့်အတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများက ဦးဆောင်လမ်းပြကူညီပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်တွင် လိုအပ်နေဆဲဖြစ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ လမ်း၊ တံတား၊ အဆောက်အအုံ၊ လျှပ်စစ်၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးစသည့် အသုံးစရိတ်များ၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အသုံးစရိတ်များကိုလည်း ခွဲဝေပေးသည့်ရန်ပုံငွေဖြင့် ဆောင်ရွက်သင့် ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများအတွက် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုပါကြောင်း။

**အထောက်အကူပြုနိုင်**

ယခုအချိန်သည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ဖြစ်သည့်အတွက် အစိုးရ၏အသုံးစရိတ် သုံးစွဲမှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေတိုးမြင့်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုးထုတ်လုပ်ရေး စသည်တို့ကို ဦးတည်ရည်မှန်းချက်ထားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး အသုံးစရိတ်များကိုလည်း ဆက်လက်အားပေးမြှင့်တင်သုံးစွဲသွားမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် လုံးဝချုပ်ငြိမ်းသွားခြင်းမရှိသေးသည့်အတွက် ကာကွယ်ဆေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်များကိုလည်း မဖြစ်မနေဆက်လက်သုံးစွဲသွားရမည်ဖြစ်ပါကြောင်း။

> ☆ ယခုအချိန်သည် နိုင်ငံ့စီးပွားရေးကို ပြန်လည်ဦးမော့လာအောင် ကြိုးပမ်းဆောင်ရွက်ရမည့်အချိန်ဖြစ်သည့်အတွက် အစိုးရ၏အသုံးစရိတ် သုံးစွဲမှုများသည် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို အထောက်အကူပြုနိုင်ရမည်
>
> ☆ ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေး၊ တစ်ဦးချင်းဝင်ငွေတိုးမြင့်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး၊ ပြည်ပပို့ကုန်မြှင့်တင်ရေး၊ သွင်းကုန်အစားထိုး ထုတ်လုပ်ရေးစသည်တို့ကို ဦးတည်ရည်မှန်းချက်ထား ဆောင်ရွက်ရမည်

**ဦးစားပေးသုံးစွဲကြစေလို**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးအသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြစေလိုပါကြောင်း။

နိုင်ငံတော်၏ မေခရိုစီးပွားရေးအခြေအနေပြညွှန်းကိန်းများအရ အရအသုံး ခန့်မှန်းခြေငွေစာရင်းလိုငွေနှင့် ဂျီဒီပီအချိုးကို ရှိသင့်သည့်ပမာဏအတိုင်း အတာအတွင်း ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ နိုင်ငံတော်၏ လိုငွေများကြောင့် ရယူထားရသည့် ပြည်တွင်း ပြည်ပကြွေးမြီများ၏ ဝန်ထုပ်ဝန်ပိုးကို ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း မှာကြားသည်။

**ဦးစားပေးစိစစ်ခွင့်ပြုခဲ့**

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ရငွေပိုင်းတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါ၏ နောက်ဆက်တွဲ စီးပွားရေးထိခိုက်မှုနှင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ရငွေလျော့နည်းနိုင်မည်ဖြစ်သော်လည်း အမှန်ရရှိနိုင်မည့် အခြေအနေအပေါ်မူတည်၍ လျာထားမှုအပေါ် စိစစ်ထားရှိပါကြောင်း၊ အသုံးစရိတ်ပိုင်းတွင် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှု သက်သာစေရေးစီမံချက် Covid-19 Economic Relief Plan (CERP) လုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် အစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများကို ဦးစားပေးဆောင်ရွက်ခြင်း လုပ်ငန်းအစီအစဉ်အရ လက်ငင်းအကျိုးရှိစေမည့် လုပ်ငန်းများ၊ ဘက်စုံအကျိုးသက်ရောက်မှုများစေမည့် လုပ်ငန်းများ၊ မရှိမဖြစ်လိုအပ်သည့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဦးစားပေး စိစစ်ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။

သာမန်အသုံးစရိတ်ပိုင်းတွင် ဝန်ထမ်းသစ်များခန့်ထားမှု၊ စက်သုံးဆီသုံးစွဲမှုများကိုလည်း ယခုဘဏ္ဍာရေးနှစ်တွင် အထူးစိစစ်ခဲ့ပါကြောင်း၊ လုပ်ငန်းလည်ပတ်မှုနှင့် ကုန်ထုတ်လုပ်မှုကို တိုက်ရိုက်အကျိုးပြုစေသည့် သာမန်အသုံးစရိတ်များကို စိစစ်ခွင့်ပြုထားပါကြောင်း။

**စိစစ်လျှော့ချနိုင်ခဲ့**

ငွေလုံးငွေရင်း အသုံးစရိတ်ပိုင်းတွင် ၂၀၂၂-၂၀၂၃ မှ ၂၀၂၆-၂၀၂၇ (၅)နှစ်စီမံကိန်းလုပ်ငန်းများ၊ နိုင်ငံတော်မူဝါဒအရ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစီမံကိန်းများနှင့် ဆောင်ရွက်ဆဲစီမံကိန်းများအနက် ဦးစားပေးအဆင့်လိုက်ခွဲခြားစေပြီး စိစစ်ခဲ့ပါကြောင်း၊ ပြည်ပချေးငွေ၊ ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအတွက် ချေးငွေ၊ ထောက်ပံ့ငွေအမှန်ရရှိသုံးစွဲနိုင်မည့်လုပ်ငန်းများကိုသာ ဦးစားပေးလျာထားခွင့်ပြုပေးခဲ့ပါကြောင်း၊ မူဝါဒ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိသည့် အသုံးစရိတ်များကို စိစစ်လျှော့ချနိုင်ခဲ့ပါကြောင်း။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကြိုတင်မမျှော်မှန်းနိုင်သည့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေကို ဗဟိုတွင် ငွေကျပ် ဘီလီယံ ၁၀၀၊ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအတွက် ငွေကျပ် ၁၅ ဘီလီယံ ထည့်သွင်းလျာထားပါကြောင်း၊ ထို့ပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေသို့လည်း ယခင်နှစ်နည်းတူ ထည့်ဝင်ရန် ငွေကျပ်ဘီလီယံ ၂၀ ဖြင့် စုစုပေါင်းငွေကျပ် ၁၃၅ ဘီလီယံကို ထည့်သွင်းလျာထားခဲ့ပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်များသို့ ပြည်ထောင်စုမှ ထောက်ပံ့ငွေပေးရာတွင် နှစ်လတ်ဘဏ္ဍာရေးမူဘောင်နှင့် ဦးစွာတွက်ချက်ပြီးမှ လူမှုစီးပွားရေးအခြေအနေပြညွှန်းကိန်းခြောက်ခု အသုံးပြုတွက်ချက်၍ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အချိုးကျမျှတမှုရှိစေရန် ခွဲဝေလျာထားပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် အသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၂၂ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့် အချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ၂၀၂၀-၂၀၂၂ မီနီဘတ်ဂျက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် အခြားသောအကြောင်းအမျိုးမျိုးကြောင့် ရငွေများလျော့နည်းခဲ့ကြောင်း၊ ယင်းကိုကုစားနိုင်ရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ ရငွေများတိုးတက်ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ အဓိကကျသည့် ကုန်ထုတ်လုပ်မှုကို မြှင့်တင်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ကုန်ထုတ်လုပ်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် မြေ၊ ရေနှင့် လူသားအရင်းအမြစ်များရှိပြီး ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များကို အရည်အသွေးပြည့်မီစွာဖြင့် ထုတ်လုပ်တင်ပို့နိုင်မည်ဆိုပါက ပြည်ပဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ရရှိသည့် ထွက်ကုန်များဖြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်စေမည်ဖြစ်ကြောင်း၊ Quick Win ဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်းများ ယခုထက်အောင်မြင်အောင် ဆောင်ရွက်ခြင်းဖြင့် ငွေကြေးလည်ပတ်မှုကို ပိုမိုအားကောင်းစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် စာမျက်နှာ ၄ သို့ ☆

> ☆ ကိုဗစ်-၁၉ ကပ်ရောဂါသည် လုံးဝချုပ်ငြိမ်းသွားခြင်း မရှိသေးသည့်အတွက် ကာကွယ်ဆေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အသုံးစရိတ်များကိုလည်း မဖြစ်မနေဆက်လက်သုံးစွဲသွားရမည်
>
> ☆ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စီမံအုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များထက် ပြည်သူကိုတိုက်ရိုက်အကျိုးပြုနိုင်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီး အသုံးစရိတ်များ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု အသုံးစရိတ်များကို ဦးစားပေးသုံးစွဲကြစေလို

# စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏စီးပွားရေး များစွာတိုးတက်ပြောင်းလဲလာမည်

☆ စာမျက်နှာ ၃ မှ

ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏ စီးပွားရေးများစွာ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ ပြည်သူများပါသည့် စီးပွားရေးကို ပီပြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ သာယာဝပြောမည်ဖြစ်ကြောင်း။

စီမံကိန်းကြီးများနှင့်ပတ်သက်၍ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့်၊ နိုင်ငံအတွက်အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ လတ်တလောကာလအတွင်း ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို လျှော့ချဆောင်ရွက်သွားရန်လိုကြောင်း၊ အရှုံးပေါ်လျက်ရှိနေသည့် လုပ်ငန်းများနှင့် စီမံကိန်းများကိုလည်း ပြန်လည်စိစစ်ကြပ်မတ်သွားရန်လိုကြောင်း၊ ကျန်းမာရေးနှင့် လုံခြုံရေးအတွက်မဖြစ်မနေ ရင်းနှီးမြှုပ်နှံရမည့် လုပ်ငန်းများကို နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့သည် မူဝါဒချမှတ်ပေးသည့်အဖွဲ့အစည်းဖြစ်ပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ရကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက အနီးကပ်ကြပ်မတ် အကောင်အထည်ဖော်ရခြင်းဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ဖိဖိစီးစီး ထိထိမိမိဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ယနေ့ ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးက ဆွေးနွေးအတည်ပြုပြီးဖြစ်သည့် ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်၏ ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်တင်ပြပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကို အချိန်မီ အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို တာဝန်ယူဆောင်ရွက်နေချိန်တွင် နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအလေးထား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အဓိကရည်မှန်းချက်ထားဆောင်ရွက်နေသည်မှာ နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက်ပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးနှင့်ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးသည် မိမိတို့၏စီးပွားရေးဦးတည်ချက်များထဲမှ အဓိကဦးတည်ချက်တစ်ခုဖြစ်ပါကြောင်း၊ လက်ရှိနိုင်ငံ၏စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အားပေးကူညီခြင်း၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်ပစ္စည်းများကို အထွက်နှုန်းကောင်းပြီး စံချိန်မီ အရည်အသွေးရှိသည့် ဈေးကွက်ဝင် ကုန်ပစ္စည်းများဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘဏ္ဍာငွေများ သုံးစွဲရာတွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် စနစ်တကျ အကျိုးရှိရှိ သုံးစွဲကြရန် လိုအပ်ပါကြောင်း။

လက်ရှိအခြေအနေအရပြည်ပပို့ကုန်တိုးမြှင့်ရေးနှင့် ပြည်ပသွင်းကုန်များ စိစစ်တင်သွင်းရေးကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပြည်ပသွင်းကုန်အစားထိုးနိုင်မည့် အရည်အသွေးပြည့်မီသည့် ပြည်တွင်းထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

မိမိတို့အစိုးရချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို ဖော်ဆောင်နိုင်ရေးအတွက် ဝန်ကြီးဌာနအလိုက် ခွဲဝေချထားပေးသည့် အသုံးစရိတ်ရန်ပုံငွေများကို အကျိုးရှိစွာအသုံးချပြီး ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ ရငွေများ ရှာဖွေကောက်ခံပေးရမည့် ဌာနများအနေဖြင့်လည်း လျာထားချက်ပါ ရငွေများကို အပြည့်အဝရရှိစေရန် အချိန်ကာလပိုင်းခြားသတ်မှတ်ပြီး ရည်မှန်းချက်များ ချမှတ်၍ ဆောင်ရွက်ကြစေလိုပါကြောင်း၊ အခက်အခဲများ ကြုံတွေ့ရပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး ဖြေရှင်းဆောင်ရွက်ကြရန်လိုပါကြောင်း။

အသုံးစရိတ်များ သုံးစွဲရာတွင် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများကို တိကျစွာလိုက်နာကြရန်နှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ အသုံးစရိတ် သုံးစွဲမှုမှန်သမျှကို စာရင်းစစ် စစ်ဆေးခံယူနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရမည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီ သုံးစွဲနိုင်ရန်လည်း အထူးလိုအပ်ပါကြောင်း။

နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားပြီး ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေး စီမံခန့်ခွဲမှုစွမ်းရည်များနှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များအားလုံး မိမိတို့ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေများနှင့်အညီ ထိရောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

> ❖ **စီမံကိန်းကြီးများနှင့် ပတ်သက်၍ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်သည့်၊ နိုင်ငံအတွက်အကျိုးရှိစေမည့် စီမံကိန်းကြီးများကိုသာ ဦးစားပေး ဆောင်ရွက်ကြရန်လို**
>
> ❖ **လတ်တလောကာလအတွင်း ဆောင်ရွက်ရန် မလိုအပ်သေးသည့် စီမံကိန်းများကို လျှော့ချဆောင်ရွက်သွားရန်လိုကြောင်း၊ အရှုံးပေါ်လျက် ရှိနေသည့်လုပ်ငန်းများနှင့် စီမံကိန်းများကိုလည်း ပြန်လည်စိစစ်ကြပ်မတ်သွားရန်လို**
>
> ❖ **ကျန်းမာရေးနှင့် လုံခြုံရေးအတွက်မဖြစ်မနေ ရင်းနှီးမြှုပ်နှံရမည့်လုပ်ငန်းများကို နိုင်ငံတော်မှ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးသွားမည်**

## နိုင်ငံခြားရေးဝန်ကြီးဌာန (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ



**နေပြည်တော် မတ် ၁၇**

နိုင်ငံခြားရေးဝန်ကြီးဌာန (၇၅) နှစ်မြောက် စိန်ရတုနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဦးကိုကိုလှိုင်တို့ ကြီးမှူး၍ ဝန်ထမ်းများက ပျဉ်းမနားမြို့ ရတနာမှန်ကျောင်း ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိလာသ ဦးဆောင်သော သံဃာတော်ငါးပါးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ယခုနှစ်တွင် နိုင်ငံတော်မှချီးမြှင့်သည့်သဒ္ဓမ္မဇောတိကဓဇ သာသနာပြု ဘွဲ့တံဆိပ်တော် ရရှိတော်မူသော ရတနာမှန်ကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသ မထေရ်မြတ်အား ဂုဏ်ပြုပူဇော်သည့် ဂုဏပူဇာမင်္ဂလာ အခမ်းအနားကို ကျင်းပရာ ရတနာမှန်ကျောင်း ပင်မအဆောက်အဦ အကြီးစားပြုပြင်မွမ်းမံရန် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၏ ထည့်ဝင်လှူဒါန်းကျပ်သိန်း ၂၀၀ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန (၇၅)နှစ်မြောက် စိန်ရတု နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ကျင်းပရာ ဦးစွာ ပြည်ထောင်စုဝန်ကြီးများက အမှာစကားများ ပြောကြားကြသည်။ ထို့နောက် စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ဗိုလ်လုပွဲကို ကျင်းပသည်။

ယင်းနောက် နိုင်ငံနှင့် ဝန်ကြီးဌာနအပေါ် တာဝန်သိသိ သစ္စာရှိရှိဖြင့် လုပ်သက်ကြာမြင့်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော အရာထမ်းတစ်ဦးနှင့် အမှုထမ်းတစ်ဦးတို့ကို ဂုဏ်ပြုဆုများချီးမြှင့်ခြင်း၊ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်/ အောက်မြန်မာပြည်) တို့၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၊ ၂၀၂၁ ခုနှစ်၊ သားကောင်းတမန်မဂ္ဂဇင်း၏ ဆောင်ပုဒ်အဖြစ် ရွေးချယ်ခြင်းခံရသည့် ကလောင်ရှင် ဝန်ထမ်း၊ စကားရည်လုပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ ဝန်ထမ်းများအတွက် ကံစမ်းမဲ အထူးဆုကြီးများ မဲဖောက်ခြင်းတို့ကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း စည်းကမ်းများနှင့်အညီ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## Fly Alliance မှ ရန်ကုန်-ထားဝယ်-ရန်ကုန်သို့ နေ့စဉ် အလှည့်ကျ ပျံသန်းပြေးဆွဲမည်

**ရန်ကုန် မတ် ၁၇**

Fly Alliance အဖွဲ့ဝင်များဖြစ်သော မြန်မာအမျိုးသားလေကြောင်း၊ မန်းရတနာပုံလေကြောင်းနှင့် အဲသံလွင်လေကြောင်းလိုင်းတို့မှ ရန်ကုန်-ထားဝယ်-ရန်ကုန်သို့ ခရီးစဉ်ကို ကြိုက်နှစ်သက်ရာ ရက်တွင် စီးနင်းလိုက်ပါနိုင်ရန် မတ် ၂၃ ရက်မှ စတင်၍ နေ့စဉ်အလှည့်ကျ ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

ထိုလေကြောင်းလိုင်း သုံးလိုင်းမှ ရန်ကုန်-ထားဝယ်-ရန်ကုန်ခရီးစဉ်လက်မှတ်များကို ဝယ်ယူထားသော ခရီးသည်များအနေဖြင့် "တူညီသည့် ခရီးစဉ်"အတွက် ပျံသန်းမည့်ရက်အတိုင်း တိုက်ရိုက် သို့မဟုတ် ရက်အကန့်အသတ်မရှိ လေကြောင်းလိုင်းပြောင်းရွှေ့စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Promotion ကာလကို မတ် ၂၃ ရက်မှ စတင်၍ ဧပြီ ၃၀ ရက်အထိ သတ်မှတ်ထားပြီး Change Free ပေးရန်မလိုဘဲ ကြိုက်နှစ်သက်ရာ ရက်တွင် ကြိုက်နှစ်သက်ရာလေကြောင်းလိုင်းသို့ ပြောင်းရွှေ့စီးနင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်  မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး  H.E. Mr. Saud bin Abdullah Al-subaie နှင့် ရင်းရင်းနှီးနှီးဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော်  မတ်  ၁၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Saud bin Abdullah Al-subaie သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး  H.E. Mr. Saud bin Abdullah Al-subaie က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။**



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E. Mr. Saud bin Abdullah Al-subaie တို့ အဖွဲ့ဝင်များနှင့် အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

(၇၇) နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ဖို့ လိုကိုလိုအပ်နေတယ်ဆိုတာ ...

ပြည်ထောင်စုသားတစ်ဦး



ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၄ ရက်အထိ အိန္ဒိယနိုင်ငံ Visakhapatnam မြို့၌ ကျင်းပခဲ့သည့် ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN-2022) သို့ တက်ရောက်ခဲ့သည့် မြန်မာ့တပ်မတော်(ရေ)မှ စစ်ရေယာဉ် (ဆင်ဖြူရှင်)ကို တွေ့ရစဉ်။

အိန္ဒိယသမ္မတနိုင်ငံ Visakhapatnam မြို့မှာ ဖေဖော်ဝါရီ ၂၅ ရက်မှ မတ် ၄ ရက်အထိ ကျင်းပခဲ့တဲ့ ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN-2022) ကို တက်ရောက်ခဲ့တဲ့ မြန်မာ့တပ်မတော် (ရေ)မှ စစ်ရေယာဉ်(ဆင်ဖြူရှင်)ဟာ မတ် ၈ ရက်မှာ မြန်မာနိုင်ငံ ရန်ကုန်မြို့ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

အဆိုပါ ဒေသတွင်းရေတပ်များတွေ့ဆုံပွဲ (MILAN-2022) ကို မြန်မာအပါအဝင် နိုင်ငံပေါင်း ၁၄ နိုင်ငံက စစ်ရေယာဉ် ၂၂ စင်း ပါဝင်တက်ရောက်ခဲ့ကြောင်းနဲ့ စစ်ရေယာဉ် (ဆင်ဖြူရှင်) ယခုသွားရောက်ခဲ့တဲ့ ခရီးစဉ်အသွားအပြန်က စုစုပေါင်းရေမိုင် ၃၀၂၀ ခန့် ရှိတယ်လို့ သိရပါတယ်။

လက်ရှိမှာ မြန်မာ့တပ်မတော်ဟာ ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပါပြီ။ မြန်မာ့တပ်မတော်(ရေ)ဟာ ဆင်ဖြူရှင် အပါအဝင် ဖရီးဂိတ်စစ်ရေယာဉ်များကို ကိုယ်ပိုင်ထုတ်လုပ်လျက်ရှိသလို မင်းရဲသိခ်သူနဲ့ မင်းရဲကျော်ထင် အမည်ရှိရေငုပ်သင်္ဘောနှစ်စင်းကိုလည်း ပိုင်ဆိုင်ထားပါတယ်။ မြန်မာ့တပ်မတော် (လေ)ကလည်း MIG-29 တိုက်လေယာဉ်များ၊ JF-17 B ဘက်စုံသုံး တိုက်ခိုက်ရေး၊ Yak-130 အပေါ့စားတိုက်လေယာဉ်များ၊ MI-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်များအပြင် အလွန်ခေတ်မီတဲ့ SU-30 တာဝေးတိုက်ခိုက်ရေးလေယာဉ်အချို့ကိုလည်း ရုရှားထံမှ ဝယ်ယူစာချုပ်ချုပ်ဆိုခဲ့ပြီးဖြစ်ပါတယ်။

**မြန်မာ့ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်**

တကယ်တော့ SU-30 ခေတ်မီတိုက်လေယာဉ်တွေ အားဖြည့်ဝယ်ယူခြင်းဟာ မြန်မာ့ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့နဲ့ တပ်မတော် (လေ) ရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ ဒေသတွင်း ခိုင်မာအားကောင်းတဲ့ နည်းဗျူဟာမြောက် လေတပ်အဖြစ် ကြိုးပမ်းတည်ဆောက်နေခြင်းပဲ ဖြစ်ပါတယ်။ သို့ပေမယ့် ဒေသတွင်းနိုင်ငံများကြားမှာတော့ ယခုလို အလွန်ခေတ်မီတဲ့ တိုက်လေယာဉ်မျိုးဆက်ကို မြန်မာက ဝယ်ယူသုံးစွဲနိုင်ခဲ့မှုအပေါ် အံ့သြတုန်လှုပ်ခဲ့ကြတယ်လို့ သိရပါတယ်။

**ခေတ်မီတပ်မတော်မရှိခဲ့လို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရ**

အတိတ်ကာလက မြန်မာဟာ ခေတ်မီတပ်မတော်မရှိခဲ့လို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး ကိုလိုနီနယ်ချဲ့ဗြိတိသျှလက်အောက်မှာ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဖြစ်ခဲ့ရပါတယ်။

သို့ကြောင့်မို့ သူ့ကျွန်ဘဝကနေ မြန်မာပြည်လွတ်လပ်ရေး ရရှိအောင် ကြိုးပမ်းခဲ့တဲ့ တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက မြန်မာပြည်ရဲ့ အနာဂတ်ကာကွယ်ရေးနဲ့ စပ်လျဉ်းပြီး "ကာကွယ်ရေးဘက်မှာ ကြည့်ပါဦး။ အခုကျွန်တော်တို့မှာရှိတဲ့ စစ်တပ်၊ မြန်မာပြည်မှာ ဆူတာပူတာကို နှိမ်ဖို့လောက်တော့ လုံလောက်တယ်။ သို့သော်လည်း တိုင်းပြည်ကာကွယ်ဖို့ဘက်မှာ ကျွန်တော်တို့စစ်တပ်တွေနဲ့ မလုံလောက်သေးဘူး။ ကုန်းတပ်ဆိုတဲ့စစ်တပ်ဟာ ဘာမှမဖြစ်လောက်သေးဘူး။ ရေတပ်ဆိုတာက ဟန်ပြရေတပ်ပဲရှိသေးတယ်။ တကယ့်တကယ် ဘာမှတိုင်းပြည်ကိုမကာကွယ်နိုင်သေးဘူး။ လေတပ်ဆိုတာ အခုမှ စ,တုန်းရှိသေးတယ်။ လေတပ်ဆိုလို့ရှိရင် ဒီတိုင်းပြည်မျိုးမှာရှိတဲ့ လေတပ်မျိုးမှာ အဖျင်းဆုံးလေယာဉ်ပျံငါးရာ (First Line Plane) ရှိရမယ်။ အနည်းဆုံးစစ်ဖြစ်ဖြစ်ချင်း လေယာဉ်ပျံ ငါးရာလောက်ရှိမှ ဖြစ်မယ်။

မြန်မာပြည်လွတ်လပ်ရေးရတဲ့အခါ မြန်မာပြည်ကာကွယ်ဖို့ရာ မြန်မာတွေရဲ့ အဓိကတာဝန်ဖြစ်လာမယ်။ ဟိုတုန်းကလို အေးအေးဆေးဆေးမဖြစ်တော့ဘူး။ တိုင်းပြည်ကာကွယ်ဖို့ မြန်မာပြည်မှာ စစ်သားတွေလိုလာမယ်။ အဲဒီအခါ မြန်မာတိုင်း အရွယ်ရောက်သူတိုင်း၊ ကျန်းမာရေးနဲ့ပြည့်စုံသူတိုင်း စစ်မှုထမ်းဖို့ လုပ်ရမယ်။ ခင်ဗျားတို့ တိုက်ချင်တိုက်၊ မတိုက်ချင်လည်း တိုက်ရမယ်။ ဒါမှ လွတ်လပ်ရေးတာဝန်ကျေမယ်"ဆိုပြီး ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက် နံနက် ရန်ကုန်မြို့ မြို့တော်ခန်းမ လေသာဆောင်ကနေ ပြည်သူလူထုကြီးကို နောက်ဆုံးမိန့်ခွန်းအဖြစ်ပြောကြားစဉ်မှာ ထည့်သွင်းပြောကြားခဲ့ပါတယ်။

**တပ်မတော်တစ်ခုတည်းရယ်**

သို့ပေမယ့် မြန်မာ့တပ်မတော်ဟာ လွတ်လပ်ရေးရတဲ့အခါမှာ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် တည်ဆောက်ဖို့နေနေသာသာ ဝါဒစွဲ၊ လူမျိုးစွဲတွေကြောင့် လွတ်လပ်ရေးနဲ့အတူ ယှဉ်တွဲပေါ်ပေါက်လာတဲ့ ပြည်တွင်းသောင်းကျန်းမှုရန်ကို တက်သုတ်ရိုက်ခုခံကာကွယ်ခဲ့ရပါတယ်။ လက်နက်ကိုင်သူပုန်သူကန် အဖွဲ့အစည်းတွေက များလွန်းလှလို့ ထိုခေတ်သတင်းစာတွေက "ရောင်စုံသူပုန်"လို့သာ သိမ်းကျုံးအမည်ပေးနိုင်တော့တယ်။ နိုင်ငံတော်ကို ကာကွယ်ဖို့၊ ရရှိပြီးသား လွတ်လပ်ရေးကြီး ပြန်လည်မဆုံးရှုံးစေဖို့၊ တိုင်းပြည်အစိတ်စိတ်အမွှာမွှာမပြိုကွဲဖို့ ရှေ့တန်းကနေ ရင်မြေကတုတ် ခုခံတိုက်ခိုက်ကာကွယ်ပေးနေတဲ့ အဖွဲ့အစည်းကတော့ တပ်မတော်တစ်ခုတည်းရယ်။

ထိုတပ်မတော်အနေနဲ့လည်း ရောင်စုံသူပုန်တို့ထက် လူအင်အား၊ လက်နက်၊ ခဲယမ်းကအစ အစစအရာရာ ချို့တဲ့ခဲ့ပါတယ်။ အဲဒီခေတ် သေနတ်ကိုင်တပ်ခွဲတစ်ခွဲမှာရှိရမယ့် ဘရင်းစက်သေနတ်ကိုးလက်အစား အများဆုံးပေးနိုင်မှ ခြောက်လက်၊ ဟောင်းနွမ်းလှပြီဖြစ်တဲ့ အမှတ်သုံး၊ အမှတ်လေး အင်္ဂလိပ်ရိုင်ဖယ်များပင် အလုံအလောက်မရှိလို့ ရဲတပ်သားများ ကိုင်ဆောင်လေ့ရှိတဲ့ ဂရင်းနားဂန်း (ခေါ်)တစ်လုံးထိုးသေနတ်တွေကို ဖြည့်စွက်ကိုင်ဆောင် တိုက်ပွဲဝင်ခဲ့ကြရပါတယ်။

စစ်လက်နက်ခဲယမ်းတွေသာမဟုတ်၊ အဝတ်အစား၊ တန်ဆာပလာတွေမှာလည်း ဆင်းရဲခဲ့ကြရှာတယ်။ ရေဘူး၊ ခါးပတ်၊ လွယ်အိတ်၊ လုံ့စွပ်၊ သံခမောက်တွေက ရှားပါးပစ္စည်းတွေဖြစ်ခဲ့ပြီး လိုအပ်တာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ရန်ကုန်မြို့ တရုတ်တန်းက ဝယ်ယူကိုင်စွဲခဲ့ကြရတယ်။

ထိုခေတ်ထိုအခါက မြန်မာ့တပ်မတော်ရဲ့ အခက်အခဲနဲ့ ပတ်သက်ပြီး ဗိုလ်မှူးကြီး (ဟောင်း) တင်မောင်က "မုန်တိုင်းလွန်သော်" စာအုပ်မှာ **"ဤမျှလောက်လိုအပ်နေသည်တို့ကို အဘယ်ကြောင့်**

စာမျက်နှာ ၇ သို့ ❍

★ **အတိတ်ကာလက မြန်မာဟာ ခေတ်မီတပ်မတော်မရှိခဲ့လို့ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး ကိုလိုနီနယ်ချဲ့ဗြိတိသျှလက်အောက်မှာ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဖြစ်ခဲ့ရပါတယ်**

★ **လက်ရှိမှာ မြန်မာ့တပ်မတော်ဟာ ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ပေါ်ထွက်လာခဲ့ပါပြီ**

★ **တကယ်တော့ SU-30 ခေတ်မီတိုက်လေယာဉ်တွေ အားဖြည့်ဝယ်ယူခြင်းဟာ မြန်မာ့ပိုင်နက်နယ်မြေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့နဲ့ တပ်မတော် (လေ) ရဲ့ ရည်မှန်းချက်တစ်ရပ်ဖြစ်တဲ့ ဒေသတွင်း ခိုင်မာအားကောင်းတဲ့ နည်းဗျူဟာမြောက်လေတပ်အဖြစ် ကြိုးပမ်းတည်ဆောက်နေခြင်းပဲဖြစ်**

❍ စာမျက်နှာ ၆ မှ

ပြင်ပနိုင်ငံတို့သို့ သွားရောက်မဝယ်ယူခဲ့ပါသလဲ။ တိုင်းပြည်တွင် ပိုက်ဆံကြေးငွေမရှိ၍ပါလား၊ မေးစရာရှိသည်။ ထိုမေးခွန်းတို့သည် လွယ်သယောင်ယောင်ရှိသလောက် အဖြေကတော့ မလွယ်ပါ။ တိုင်းပြည်တွင် ပိုက်ဆံငွေကြေးရှိပါသည်။ ပြင်ပသို့လည်း ထွက်၍ ဝယ်ပါသည်။ သို့ရာတွင် လိုသလောက်မရပါ။ မရှိ၍တော့ မဟုတ်၊ ရှိလျက်နှင့်ပင် ဝယ်၍မရခဲ့ခြင်းဖြစ်သည်။ ဤကား လွတ်လပ်စနိုင်ငံလေးတစ်ခုသည် နိုင်ငံကြီးတို့၏ နည်းပရိယာယ် အကွေ့အကောက် အလှည့်အပတ်တို့နှင့်ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။

### မိမိအကျိုးကိုသာ ဦးစားပေးကြည့်တတ်ကြ

နိုင်ငံတိုင်းသည် မိမိအကျိုးကိုသာ ဦးစားပေးကြည့်တတ်ကြသည်မှာ ဓမ္မတာဖြစ်သည်။ ကျွန်တော်တို့၏ ဝါဒနှင့် လုပ်ရပ်တို့သည် ထိုနိုင်ငံကြီးတစ်ခုအဖို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ အကျိုးကျေးဇူးဖြစ်ထွန်းစေနိုင်မည်ဆိုပါက ကျွန်တော်တို့ လိုအပ်သော စစ်ပစ္စည်း လက်နက်ခဲယမ်းမီးကျောက်တို့ကို သူတို့ထံမှ ပိုက်ဆံပေးဝယ်ယူရန်ပင်မလို။ လေယာဉ်ပျံတို့ကို ယူပါမည်လား၊ သူတို့သည် လိုလိုလားလား အလကားပေးကြပါလိမ့်မည်။ သို့ရာတွင် သူတို့ကိုတော့ ငြိုငြင်အောင် မလုပ်လိုက်ပါလေနှင့်၊ အကြောင်းကြောင်းအမျိုးမျိုးတို့ကိုပြပြီး ဝမ်းနည်းပါသည်၊ မရောင်းနိုင်သေးပါ၊ ရောင်းစရာမရှိပါဟုပြောပါလိမ့်မည်။ မလွှဲသာ၍ ရောင်းလိုက်စေကာမူ ကျွန်တော်တို့၏ စရန်ကိုသာ လက်ခံယူလိုက်ရပါမည်။ ပစ္စည်းတို့ကိုတော့ အချိန်ဆွဲပြီး နည်းနည်းချင်းသာ လီ၍ ပို့ပေးပါလိမ့်မည်။

ထိုအချိန်က ကျွန်တော်တို့သည် ဤအဖြစ်မျိုးကို ကြုံခဲ့ကြရသည်။ တန်ဖိုးကြီးစွာပေး၍ သင်ခန်းစာကို ရယူလိုက်ကြရပါသည်။ မိမိကိုယ်မှတစ်ပါး အခြားအားကိုးရာမရှိ။ ကျွန်တော်တို့သည် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးကြရပါမည်။ ကိုယ့်အင်အားသည် ကိုယ့်ပြည်တွင်းမှာသာ ရှိသည်ဆိုသောအချက်ကို ကောင်းကောင်းကြီး သဘောပေါက်ခဲ့ကြရပါသည်။ ထွေးတော်သည် အမေရင်းလောက်တော့ဖြင့် မည်သို့မှ မကောင်းနိုင်ပါ” စသည်ဖြင့် မှတ်တမ်းတင်ရေးသားခဲ့ပါတယ်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းကလည်း “၁၉၄၈ ခုနှစ် ၁၉၄၉ ခုနှစ်နောက်ပိုင်းမှာဆိုလို့ ရှိရင် ဒို့မှာ စဖွဲ့ကတည်းကိုက တပ်ရင်းဆယ်ရင်းနဲ့၊ အဲဒီအတွက်သာ ဒို့မှာ လက်နက်ရှိတယ်၊ နည်းနည်းပါးပါးပဲ ရှိတယ်။ ရေတပ်၊ လေတပ်ဆိုတာဟာ လေယာဉ်ပျံက တိုက်ဂါးမောက် (Tiger-mouth)နဲ့ ချစ်မန်ခ်(Chipmunk)တို့ဒီလောက်ပဲရှိတယ်။ ရေတပ်မှာလည်းပဲ ‘မေယု’ တစ်စင်းတော့ရှိတယ်ပေါ့လေ။ ကြီးကြီးထဲက၊ ကျန်တာတွေကတော့ အမ်အယ်(M.L) ရှစ်စင်းလား၊ ဆယ်စင်းလား ဒါပဲရှိတယ်။ ရေတပ်တို့၊ လေတပ်တို့ဆိုတာကတော့ ဒို့မှာတိုးဖို့ငွေလည်းမရှိ။ ရှိတာနဲ့ပဲ တိုက်ကြတယ်” လို့ ၁၉၆၈ ခုနှစ် စက်တင်ဘာလမှာ ကျင်းပခဲ့တဲ့ တပ်မတော်တပ်မှူးများ ညီလာခံမှာ ပြန်ပြောင်းသတိတရ ပြောကြားခဲ့ပါတယ်။



၁၅-၁၂-၂၀၂၁ ရက်က တပ်မတော်(လေ)၏ (၇၄)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် လေ့ကျင့်ရေးဂျက်တိုက်လေယာဉ်များ စွမ်းရည်ပြသစဉ်။

### ရှိတဲ့အားနဲ့ တွန်းလှန်တိုက်ခိုက်

အမေရိကန်အပါအဝင် အနောက်အုပ်စုရဲ့ထောက်ပံ့မှုနဲ့ မြန်မာ့မြေပေါ်ကို ကျူးကျော်တပ်စွဲလာတဲ့ တရုတ်ဖြူတပ်တွေကို ရင်ဆိုင်ခဲ့ရစဉ်မှာလည်း မြန်မာ့တပ်မတော်ဟာ ရှိတဲ့အားနဲ့ ကိုယ့်အားကိုယ်ကိုးလို့ တွန်းလှန်တိုက်ခိုက်ခဲ့ရပြန်ပါတယ်။

တပ်မတော် (လေ) မှ အော့စဖို့ (Oxford)၊ ဆီးဖြူရီ(Seafury) လေယာဉ်များက ရန်သူ့စခန်းများကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ တီထွင်ထားတဲ့ ဗုံးတွေနဲ့ သွားရောက် တိုက်ခိုက်ကြရတယ်။ ဒါကိုတာလေယာဉ်နဲ့ တပ်မတော်(ကြည်း) ရှေ့တန်းစခန်းတွေကို ရိက္ခာချပေးရတယ်။ တပ်မတော်(ရေ)က ရဲဘော်တွေက နမ့်စန်လေယာဉ်ကွင်းကို လေယာဉ်ပစ်စက် အမြောက်အမြားနဲ့ ကာကွယ်စောင့်ရှောက်ပေးခဲ့ရပါတယ်။

၁၉၆၁ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာတော့ ဝမ်ပန်ဆန်းစခန်းရှိ ကူမင်တန်တပ်များအတွက် လေယာဉ်ဖြင့် လက်နက်ရိက္ခာများ ပို့ပေးနေတဲ့လေယာဉ်ကို ခြေရာခံမိပြီး ဖေဖော်ဝါရီ ၁၅ ရက်မှာ တပ်မတော် (လေ)က ဆီးဖြူရီတိုက်လေယာဉ်သုံးစင်းကို စေလွှတ်ခဲ့ပါတယ်။

ရန်သူရဲ့ထောက်ပံ့ရေး လေယာဉ်ကြီးက ညနေ ၄ နာရီဝန်းကျင်ခန့်မှာ ဝမ်ပန်ဆန်းအနီးသို့ ရောက်ရှိလာခဲ့ရာမှ တပ်မတော်(လေ) က လေသူရဲများက လေယာဉ်ကြီးကို စတင်ဆက်သွယ်ခဲ့ပေမယ့်လည်း တစ်ဖက်မှ စတင်ပစ်ခတ်ရာမှ အပြန်အလှန် ပစ်ခတ်ကြရာကနေ ဗိုလ်ပီတာမောင်းနှင်တဲ့ ဆီးဖြူရီတိုက်လေယာဉ်ဟာ ရန်သူ့ကျည်သင့်ပြီး တစ်ဖက် ထိုင်းနိုင်ငံနယ်နိမိတ်ထဲ ထိုးကျသွားခဲ့ပါတယ်။ ရန်သူရဲ့ ထောက်ပံ့ရေးလေယာဉ်ကြီးဟာလည်း မီးစွဲလောင်ပြီး ထိုင်းနယ်စပ်ထဲမှာပဲ ပျက်ကျသွားခဲ့ပါတယ်။ ဗိုလ်ချစ်ခိုင်ရဲ့ တိုက်လေယာဉ်ကတော့ အမြီးပြတ်ထွက်သွားခဲ့ပေမယ့် ဗိုလ်မောင်သိန်းက လိုက်လံစောင့်ရှောက်ပြီး တွဲခေါ်ပေးခဲ့လို့ ကျိုင်းတုံလေယာဉ်ကွင်းကို ဝမ်းဗိုက်နဲ့ရှပ်ကာ ဆင်းသက်နိုင်ခဲ့ပါတယ်။

မြေပြင်က တပ်မတော် (ကြည်း) တပ်ရင်းတပ်ဖွဲ့တွေ အနေနဲ့ကလည်း တစ်ဖက်နိုင်ငံ နယ်နိမိတ်ကိုကျော်ပေး အခြေပြုထားတဲ့ ရန်သူ့တပ်တွေကို ရင်ဆိုင်တိုက်ခိုက်ရာမှာ ကနဦးပိုင်းမှာ ထိရောက်တဲ့ လေကြောင်းပစ်ကူမရရှိခဲ့ကြပါဘူး။ အော့စဖို့နဲ့ ဆီးဖြူရီလေယာဉ်များဟာ တိုက်လေယာဉ်လို့သာ ဆိုပေမယ့် ရှေ့ကတတ်ပစ်လွှတ်တိုက်ခိုက်ဖို့ရာမှာတော့ အခက်အခဲတွေနဲ့ကြုံတွေ့ခဲ့ရတယ်လို့ဆိုပါတယ်။ တပ်မတော် (လေ) က အရာရှိကြီး ဗိုလ်မှူးခင်ဟာ ဆီးဖြူရီတိုက်လေယာဉ်နဲ့အတူ ရှေ့ကတတ်ပစ်လွှတ်စမ်းသပ်ရင်း လေယာဉ်ပျက်ကျပြီး ကျဆုံးခဲ့ရရှာပါတယ်။ နောက်ပိုင်းမှာ တရုတ်ဖြူတပ်စခန်းတွေကို လေယာဉ်ပေါ်ကနေ ရှေ့ကတတ်ပစ်လွှတ်ပြီး တိုက်ခိုက်နိုင်ဖို့ အစ္စရေးလေတပ်က လေလံပစ်တဲ့ စစ်ကျန်စပစ်ဖိုင်းယားတိုက်လေယာဉ်အဟောင်းအချို့ကို လေလံဆွဲဝယ်ယူခဲ့ရတယ်လို့ ဗိုလ်မှူးအောင်မြတ် (တပ်မတော်-လေ)ရဲ့ သားဖြစ်သူ ဇာနည်မောင်က “ဒို့နိုင်ငံကို လာမထိနဲ့” စာအုပ်မှာ ဖော်ပြခဲ့ပါတယ်။

> ‘ ဤမျှလောက်လိုအပ်နေသည်တို့ကို အဘယ်ကြောင့် ပြင်ပနိုင်ငံတို့သို့ သွားရောက်မဝယ်ယူခဲ့ပါသလဲ။ တိုင်းပြည်တွင် ပိုက်ဆံကြေးငွေမရှိ၍ပါလား၊ မေးစရာရှိသည်။ ထိုမေးခွန်းတို့သည် လွယ်သယောင်ယောင်ရှိသလောက် အဖြေကတော့ မလွယ်ပါ။ တိုင်းပြည်တွင် ပိုက်ဆံငွေကြေးရှိပါသည်။ ပြင်ပသို့လည်း ထွက်၍ ဝယ်ပါသည်။ သို့ရာတွင် လိုသလောက်မရပါ။ မရှိ၍တော့ မဟုတ်၊ ရှိလျက်နှင့်ပင် ဝယ်၍မရခဲ့ခြင်းဖြစ်သည်။ ဤကား လွတ်လပ်စနိုင်ငံလေးတစ်ခုသည် နိုင်ငံကြီးတို့၏ နည်းပရိယာယ် အကွေ့အကောက် အလှည့်အပတ်တို့နှင့်ရင်ဆိုင်ရခြင်းပင်ဖြစ် ’

### မြန်မာ့ရေပြင်ပိုင်နက်မှာ ကျူးကျော်ဝင်ရောက်

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်မှာလည်း မြန်မာ့တပ်မတော်ဟာ နိုင်ငံရဲ့ ဘဏ္ဍာရေးအခြေအနေအရ ဒေသတွင်းနိုင်ငံများနဲ့ယှဉ်ရင် အစစအရာရာချို့တဲ့နေပါသေးတယ်။ တစ်ဖက်နိုင်ငံက တရားမဝင် ငါးခိုးဖမ်းတဲ့စက်လှေတွေ၊ မှောင်ခိုစက်လှေတွေဟာ မြန်မာ့ရေပြင်ပိုင်နက်မှာ ကျူးကျော်ဝင်ရောက်ကျက်စားနေဆဲပါ။

၁၉၈၈ ခုနှစ် နောက်ပိုင်း နဝတ၊ နယကတပ်မတော်အစိုးရခေတ်မှာတော့ ပြောင်းလဲလာတဲ့ မျက်မှောက်ကမ္ဘာ့အခြေအနေများအရ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကဏ္ဍအလိုက် အချိန်ယူတည်ဆောက်လာခဲ့ပါတယ်။ အနာဂတ်မှာ တပ်မတော်(ရေ) ရေငုပ်သင်္ဘောတပ်ဖွဲ့ ထူထောင်နိုင်ဖို့ ၂၀၀၅ ခုနှစ်ကတည်းက စနစ်တကျပြင်ဆင်ဆောင်ရွက်ခဲ့သလို တပ်မတော်(လေ) အတွက်လည်း ဂျက်တိုက်လေယာဉ်အချို့ကို ဝယ်ယူဖြည့်တင်းခဲ့ပါတယ်။

### ဖရီးဂိတ်အပါအဝင် စစ်ရေယာဉ်တို့ကိုလည်း ကိုယ်ပိုင်ထုတ်လုပ်နိုင်ခဲ့

မျက်မှောက် ကာလမှာတော့ တပ်မတော် (ရေ) ဟာ ဆိုခဲ့ပါအတိုင်း မင်းရဲသိင်္ခသူနဲ့ မင်းရဲကျော်ထင် ရေငုပ်သင်္ဘောနှစ်စင်း တပ်တော်ဝင်နိုင်ခဲ့သလို ဖရီးဂိတ်အပါအဝင် စစ်ရေယာဉ်တို့ကိုလည်း ကိုယ်ပိုင်ထုတ်လုပ်နိုင်ခဲ့ပါပြီ။ တပ်မတော်(လေ) ဟာလည်း လက်ရှိကာလမှာ ခေတ်မီဂျက်တိုက်လေယာဉ်များအပြင် SU-30 ခေတ်မီမျိုးဆက်တိုက်လေယာဉ်များနဲ့ပါ မြန်မာ့ဝေဟင်မှာ ဝင့်ထည်စွာ ပျံသန်းနိုင်တော့မှာပါ။

မြန်မာဟာ ဒေသတွင်းမှာ ဘာကြောင့် ခေတ်မီတပ်မတော်တစ်ရပ်ကို တည်ဆောက်နေရပါသလဲ။ မြန်မာဟာ ပထဝီနိုင်ငံရေးအရ နိုင်ငံကြီး နှစ်နိုင်ငံကြားမှာ တည်ရှိနေသလို ထိုင်း၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နဲ့လည်း နယ်နိမိတ်ချင်းထိစပ်နေတဲ့အပြင် မျက်မှောက်ကမ္ဘာ့ရေးရာအခြေအနေများနဲ့ ခါးသီးလှတဲ့ အတိတ်သမိုင်း သင်ခန်းစာတွေအရ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်လို့ ခံယူပြီး တပ်မတော်ရဲ့ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကစလို့ တပ်မတော်ခေါင်းဆောင် အဆက်ဆက်ဟာ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ကြိုးပမ်းတည်ဆောက်နေရခြင်းဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

■

# (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM-19) ကျင်းပ




နေပြည်တော် မတ် ၁၇

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–19)ကို ယနေ့နံနက်ပိုင်းတွင် ဖနောင်ပင်မြို့ရှိ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်းနှင့် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးတို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen နှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Major General Dato Seri Pahlaw Haji Muhammad Haszaimi Bin Bol Hassan နှင့် ကိုယ်စားလှယ်အဖွဲ့၊ အင်ဒိုနီးရှားအမျိုးသား တပ်မတော်စစ်ဦးစီးအရာရှိချုပ် Lieutenant General Eko Margiyono နှင့် ကိုယ်စားလှယ်အဖွဲ့၊ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဦးစီးဌာန ယာယီအကြီးအကဲ Major General Khamlieng OUTHAKAISONE နှင့် ကိုယ်စားလှယ်အဖွဲ့၊ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Hj Affendi bin Buang RMAF နှင့် ကိုယ်စားလှယ်အဖွဲ့၊ ဖိလစ်ပိုင်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Andres Castor Centino နှင့် ကိုယ်စားလှယ်အဖွဲ့၊ စင်ကာပူတပ်မတော်ကာကွယ်ရေးဦးစီးချုပ် Lieutenant General Melvyn Ong နှင့် ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Chalermphon Srisawasdi နှင့် ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်ပြည်သူ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–19)ဥက္ကဋ္ဌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တက်ရောက်လာကြသည့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အဖွင့်မိန့်ခွန်းပြောကြားသည်။

ယင်းနောက် (၁၉)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များအစည်းအဝေး (AMIM–19)ဥက္ကဋ္ဌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်၊ သုတေသနနှင့် ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Lieutenant General HUN MANITH နှင့် (၁၂)ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (AMON–12)ဥက္ကဋ္ဌ ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ စစ်ဦးစီးရုံးအဖွဲ့အရာရှိချုပ် Major General PEN SOKRETHVITHYEA တို့က အစည်းအဝေးကျင်းပခဲ့မှု အစီရင်ခံစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အာဆီယံနိုင်ငံ တပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များ၊ တာဝန်ရှိသူများက "ဟန်ချက်ညီလုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု(Solidarity for Harmonised Security)" ခေါင်းစဉ်ဖြင့် နိုင်ငံ အက္ခရာစဉ်အလိုက် အသီးသီးဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက ဆွေးနွေးပြောကြားရာတွင် အာဆီယံအဖွဲ့ကြီးသည် စတင်ဖွဲ့စည်းတည်ထောင်ချိန်မှစ၍ အခြေခံစည်းမျဉ်းများဖြင့် စည်းလုံးညီညွတ်စွာဖွဲ့စည်းထားသည့် အဖွဲ့တစ်ခုဖြစ်ပြီး "အာဆီယံ"ဟူသည့် ခေါင်းစဉ်အောက်တွင် စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး အစရှိသည့် မဏ္ဍိုင်သုံးရပ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လုံခြုံရေးကဏ္ဍသည် အရေးပါသည့် အခြေအနေ၊ လက်ရှိကာလတွင် ကမ္ဘာ့တစ်ဝန်းသမားရိုးကျ စိန်ခေါ်မှုများသာမက သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်နေရသည့်အတွက် အာဆီယံတပ်မတော်များအနေဖြင့် ယခင်ကထက် ပိုမိုစည်းလုံးညီညွတ်စွာဖြင့် လုံခြုံရေးကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်သည့် အခြေအနေ၊ ယခုနှစ် ခေါင်းစဉ်ဖြစ်သည့် **"ဟန်ချက်ညီလုံခြုံရေးအတွက် စည်းလုံးညီညွတ်မှု (Solidarity for Harmonised Security)"** ဟူသည့် ဆောင်ပုဒ်မှာ လက်ရှိကြုံတွေ့ရင်ဆိုင်နေရမှုနှင့် လွန်စွာကိုက်ညီမှုရှိသည့် အခြေအနေ၊ အာဆီယံနိုင်ငံများအနေဖြင့် ကြုံတွေ့နေရသည့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများနှင့် ဘက်စုံစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင် အာဆီယံတပ်မတော်များအနေဖြင့် အပြန်အလှန် နားလည်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုများကို ပိုမိုမြဲမြံအောင်တည်ဆောက်ရန် အပြည့်အဝပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေ၊ ထို့အပြင် ကမ္ဘာ့အင်အားကြီး နိုင်ငံများအနေဖြင့်လည်း ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုရှိစေရန်အတွက် "အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး" ဟူသည့် အာဆီယံ၏ အခြေခံစည်းမျဉ်းကို ကျော်လွန်၍ အဖွဲ့ဝင်နိုင်ငံများအကြား ပြည်တွင်းရေးများတွင် ပါဝင်စွက်ဖက်ရန် သွယ်ဝိုက် သို့မဟုတ် တိုက်ရိုက်နည်းလမ်းများဖြင့် ဖိအားပေးတိုက်တွန်းလျက်ရှိသည်ကို တွေ့ရှိနိုင်သည့် အခြေအနေ။

**ဆွေးနွေးပြောကြား**

အာဆီယံအဖွဲ့ကြီးသည် စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးနှင့် စုပေါင်းတာဝန်ယူမှုများရှိနေသည့် အသိုက်အဝန်းဖြစ်သည့်အားလျော်စွာ လက်ရှိရင်ဆိုင်ကြုံတွေ့နေရဆဲ၊ ကြုံတွေ့ရလာနိုင်သည့် စိန်ခေါ်မှုများကို အာဆီယံဒေသတွင်း နိုင်ငံအချင်းချင်း ဟန်ချက်ညီညီ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံအချင်းချင်း တန်းတူရည်တူရှိမှုကို အပြန်အလှန် လေးစားတန်ဖိုးထားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးပြောကြားပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ရပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို စစ်ဘက်၊ အရပ်ဘက်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ကာ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ကို ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

တည်ဆဲအစိုးရကိုဆန့်ကျင်နေသော အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် NUG၊ CRPH နှင့် PDF အဖွဲ့များသည် ပြည်တွင်း၊ ပြည်ပအကြမ်းဖက်သမားများနှင့်ချိတ်ဆက်၍ မြန်မာနိုင်ငံ အလုံးစုံပျက်သုဉ်းရေးလမ်းကြောင်းကိုသာ ဦးတည်ဆောင်ရွက်နေကြသည့် အခြေအနေ၊ **"စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရေး" နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဟူသည့် မြန်မာနိုင်ငံ၏ အဓိက ရည်မှန်းချက်များကို ဖော်ဆောင်ရန်အတွက် မြန်မာနိုင်ငံတွင် လွတ်လပ် ၍ တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို သတ်မှတ်ကာလတွင် အမြန်ဆုံးအောင်မြင်စွာ ပြန်လည်ကျင်းပနိုင်ရန် လွန်စွာအရေးကြီးသည့် အခြေအနေ၊ အကြမ်းဖက်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များသည် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပနိုင်ရန် မလွဲမသွေလိုအပ်သည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုတို့ကို ထိခိုက်စေလျက်ရှိသည့်အတွက် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း ကျင်းပနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ ငြိမ်းချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

သမိုင်းအစဉ်အလာကြီးမားခဲ့သည့် အာဆီယံအဖွဲ့ကြီး၏ စည်းလုံးညီညွတ်မှုကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်းခံယူကာ အနာဂတ်ကာလများတွင်လည်း အာဆီယံဒေသ၏ ဟန်ချက်ညီလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်သော အာဆီယံအသိုက်အဝန်းကြီးအား ဖော်ဆောင်ရန် တိုက်တွန်းအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**အတည်ပြုလက်မှတ်ရေးထိုး**

**ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ နှစ်နှစ်တာ လုပ်ငန်းစီမံချက် ( ၂၀၂၂ -၂၀၂၄) Two Year Activity Working Plan(2022–2024) ကို အတည်ပြုခြင်း၊ ACDFM –19 ၏ ပူးတွဲကြေညာချက် Joint Statement ကို အပြီးသတ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြပြီး Joint Statement ကို အတည်ပြုလက်မှတ်ရေးထိုးကြသည်။**

ယင်းနောက် 19th ASEAN Chiefs of Defence Forces Meeting (ACDFM–19) ဥက္ကဋ္ဌ ကမ္ဘောဒီးယား ဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အပိတ်မိန့်ခွန်း ပြောကြားကာ အကြိမ်(၂၀)မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM–20) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အင်ဒိုနီးရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (ACDFM) အလံအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အကြိမ်(၂၀)မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM–20) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် အင်ဒိုနီးရှားတပ်မတော် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က လက်ခံရရှိမှု နှုတ်ခွန်းဆက်စကားပြောကြားကာ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ညောင်ရွှေမြို့နယ်၌ အဋ္ဌမတန်းစာမေးပွဲ စတင်စစ်ဆေး၊ ၁၃၈၃ ဦး ဖြေဆို

**ညောင်ရွှေ မတ် ၁၇**

ပညာရေးဝန်ကြီးဌာနမှ ကျင်းပသည့် အခြေခံပညာ အလယ်တန်းအဆင့် အဋ္ဌမတန်း(Grade–9) စာမေးပွဲကို ညောင်ရွှေမြို့နယ်အတွင်းရှိ စာစစ်ဌာနအသီးသီး၌ မတ် ၁၇ ရက် နံနက်ပိုင်းမှစ၍ ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာမေးပွဲဖြေဆိုခြင်းကို ညောင်ရွှေမြို့နယ်အတွင်းရှိ စာစစ်ဌာနပေါင်း ၅၃ ခုတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ကျောင်းသူပေါင်း ၁၆၈၀ ရှိပြီး ဝင်ရောက်ဖြေဆိုသူ ကျောင်းသား ကျောင်းသူပေါင်း ၁၃၈၃ ဦး ရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

■

# ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေး ကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသည် ပြည်သူလူထုအား အရည်အသွေးပြည့်ဝ၍ လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရန်အတွက် ကျန်းမာရေးကဏ္ဍဆိုင်ရာမူဝါဒများချမှတ်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိပါသည်။

ထို့အပြင် ပိုမိုထိရောက်ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုကိုပေးစွမ်းနိုင်ရေးအတွက် စေတနာ၊ မေတ္တာ၊ ကရုဏာ၊ ဝါသနာနှင့်ပြည့်စုံသည့် ဆရာဝန်များ၊ သွားဘက်ဆိုင်ရာဆရာဝန်များကို လေ့ကျင့်မွေးထုတ်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ(၆)ဘာသာရမှတ်၏ သတ်မှတ်စုစုပေါင်း ရမှတ်ရရှိသူများအနက်မှ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ဇီဝဗေဒ(၃)ဘာသာစုစုပေါင်းရမှတ်(အများ/အနည်း) ပေါ်မူတည်၍ လူတွေ့စစ်ဆေးခြင်းစာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ရွေးချယ်ခံရသူများအား ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကျောင်းသား/သူများ ကြိုတင်သိရှိနိုင်ရေးအတွက် အသိပေးကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
၁၇-၃-၂၀၂၂

## ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က တည့်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

နေပြည်တော် မတ် ၁၇

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၁၉)ကြိမ် မြောက်အာဆီယံ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး 19 th ASEAN Chiefs of Defence Forces Meeting (ACDFM-19)သို့ တက်ရောက်ခဲ့သည့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် ယနေ့ ညနေပိုင်းတွင် ဖနောင်ပင်မြို့ Sokha Hotel ၌ ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General VONG PISEN က တည်ခင်းဧည်ခံသည့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်အတူ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ အာဆီယံနိုင်ငံများမှတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။ ဦးစွာ ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှတပ်မတော်ကာကွယ်ရေး





ဦးစီးချုပ်များနှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာသုံးဆောင်နေစဉ်အတွင်း တေးဂီတအဖွဲ့က ရိုးရာတေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြ ဖျော်ဖြေကြသည်။ ညစာသုံးဆောင်အပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများသည် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## သထုံမြို့၌ သတင်းအမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်ရေး အသိပညာပေးဟောပြော





နေပြည်တော် မတ် ၁၇

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန သထုံခရိုင်ဦးစီးမှူးရုံးနှင့် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (သထုံ)ရှိဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား သတင်းအမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်ရေး နှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်အသိပညာပေးခြင်း၊ ဥပဒေရေးရာ အသိပညာပေးခြင်းနှင့် မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲ၌ သတင်းအမှား၊ အမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် Social Media အသုံးပြုရာတွင် ဆောင်ရန်၊ ရှောင်ရန်အသိပညာပေးခြင်းကို သထုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှလှနွယ်က လည်းကောင်း၊ ဥပဒေရေးရာ အသိပညာပေးခြင်းကို ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးအောင်ပိုင်ဖြိုးက လည်းကောင်း၊ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာပေးခြင်းကို မူးယစ်တပ်ဖွဲ့စုမှူး ဒုရဲမှူးတင်ကိုကိုက လည်းကောင်း ဟောပြောခဲ့ သည်။

သတင်းစဉ်

❖



## ချမ်းဖန်း-ဟတ်စတင်းကျေးရွာချင်းဆက် ကျောက်ခင်းလမ်းတစ်မိုင် ရာနှုန်းပြည့်ပြီးစီး

ကော့သောင်း မတ် ၁၇

ကော့သောင်းမြို့နယ်ရှိ ချမ်းဖန်း- ဟတ်စတင်း မြေသားလမ်းကိုးမိုင်ရှိသည့်အနက် ယခုခြောက်လဘဏ္ဍာ နှစ်တွင် တစ်မိုင်ကျောက်ခင်းခြင်းလုပ်ငန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေကျပ် ၁၃၆ ဒသမ ၀၀၈ သန်းဖြင့် MAY TECH TONIC ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးနေပြီ ဖြစ်သည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းအား ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်တွင် မြေသားလမ်းကိုးမိုင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ခြောက်လဘဏ္ဍာနှစ်တွင် ကျောက်ခင်းလမ်း ၁ မိုင် ၄ ဖာလုံ အပါအဝင် စုစုပေါင်း ၂ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် ၆ မိုင် ၄ ဖာလုံ လမ်းပိုင်းအား ဘဏ္ဍာနှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



## မြစိမ်းရောင် ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်းလုပ်ငန်း လွှဲပြောင်းပေးအပ်

ပဲခူး မတ် ၁၇

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကြာဒွေးစုကျေးရွာ၌ စီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြင့် ကျေးရွာတွင်းလမ်း ဂဝံခင်းခြင်း (ပေ ၂၄၅၀ x ၁၀ ပေ x ၈ လက်မ) လုပ်ငန်းကိုဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်၍ မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် တာဝန်ခံ ဝန်ထမ်းများက ယမန်နေ့တွင် လုပ်ငန်းအပ်နှံခြင်းနှင့် လွှဲပြောင်းခြင်း အခမ်းအနားကို ဆောင်ရွက်ခဲ့သည်။

၂၂၂

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# ပြင်ဦးလွင် ကော်ဖီစီမံကိန်းအကောင်အထည်ဖော်မှု ကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာများအပေါ် ပြန်လည်စိစစ်ခြင်းလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၇

ပြင်ဦးလွင် ကော်ဖီစီမံကိန်းအကောင်အထည်ဖော်မှုကွင်းဆင်းစစ်ဆေးချက် အစီရင်ခံစာများအပေါ် ပြန်လည်စိစစ်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ အမြဲတမ်းအတွင်းဝန်များနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေးပြောကြား**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက မြန်မာနိုင်ငံ၏ စီးပွားဖြစ် ကုန်းမြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရိပ်ပင်အောက်တွင် စိုက်ပျိုးရသည့်သဘာဝရှိသော ကော်ဖီသီးနှံစိုက်ပျိုးရေးသည် စီးပွားရေးအတွက်သာမက သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ရာသီဥတုပြောင်းလဲမှုကို ထိန်းသိမ်းနိုင်ရန် ရည်ရွယ်ပြီး ၂၀၀၂ ခုနှစ်မှစတင်၍ ပြင်ဦးလွင်ဝန်းကျင်တွင် ကော်ဖီသီးနှံ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး ကြိုးပမ်းခြင်းဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသောဧရိယာအတွင်း ကော်ဖီစိုက်ပျိုးခြင်းမရှိဘဲ လူနေအဆောက်အအုံနှင့် အခြားလုပ်ငန်းများတွင် သုံးစွဲထားမှုများအပေါ် တည်ဆဲဥပဒေများနှင့်အညီ စိစစ်ကြပ်မတ်ရန် ဆက်စပ်ဌာနများနှင့်ပူးပေါင်း၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်း အကောင်အထည်ဖော်ရာတွင် စိုက်ပျိုးမြေများရယူသုံးစွဲထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ဧရိယာပြည့် စိုက်ပျိုးရေးအတွက် မြေအသုံးချခွင့်ပြုထားစဉ်က သတ်မှတ်ပေးထားသည့်အတိုင်း အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးကို သက်ဆိုင်ရာဌာနများက ချမှတ်ပေးထားသောမူနှင့် စည်းကမ်းချက်များအတိုင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအပေါ် အခြေခံ၍ စီမံကိန်းအောင်မြင်အောင် တိကျစွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင် ကော်ဖီစီမံကိန်းဧရိယာအတွင်းရှိ သစ်တောဧရိယာအတွင်း ကျရောက်လျက်ရှိသော ကော်ဖီစိုက်ပျိုးမြေ လုပ်ကိုင်သူများအနေဖြင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ မူဝါဒ၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ကော်ဖီစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကွင်းဆင်းအဖွဲ့များဖွဲ့စည်းစစ်ဆေးမှုများအရ တွေ့ရှိရသည့် အခြေအနေများအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

**ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်ရေး**

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက သက်ဆိုင်ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ကွင်းဆင်းစစ်ဆေးချက်များ၊ ကော်ဖီစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ပြုထားသည့်မြေပေါ်တွင် သတ်မှတ်ထားသောစည်းကမ်းချက်ပါ လမ်းမြေ အဆောက်အအုံ အရွယ်အစားထက် ပိုမိုအသုံးပြုခြင်း၊ အခြားသီးနှံစိုက်ပျိုးခြင်းနှင့် ကော်ဖီစိုက်ပျိုးထားခြင်း မရှိသော မြေယာများအပေါ် ဥပဒေနှင့်အညီ စီမံဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တနိုင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အသိပညာပေးဆွေးနွေး

တနိုင်း မတ် ၁၇

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး အသိပညာဗဟုသုတများရရှိစေရန်ရည်ရွယ်၍ အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၁ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းများနှင့်အညီ ကျင်းပသည်။



**ဆွေးနွေး**

ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အသိပညာပေးဆွေးနွေးပွဲနှင့်ပတ်သက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(တာဝန်ပေး) ဒေါ်ဝါဦးနှင့် တနိုင်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမ ဒေါ်ပြုံးချိုတို့က ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ လိုက်နာရမည့်စည်းကမ်းချက်များ စသည့် သိကောင်းစရာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။ **ဝါဝါ(ပြန်/ဆက်)**



# ညောင်တုန်းမြို့နယ်၌ စာဖတ်ဝိုင်းပြုလုပ်

ညောင်တုန်း မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်း ဆောင်ရွက်ခြင်းကို ယနေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်လှိုင်နှင့် ဝန်ထမ်းများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၂၁ ခုနှစ်အတွင်း ထုတ်ပြန်ခဲ့သော အမိန့်၊ ညွှန်ကြားချက်စာအုပ်ပါ အကြောင်းအရာများ၊ စာကြည့်တိုက်လုပ်ငန်း စီမံခန့်ခွဲရေးလက်စွဲစာစောင်စာအုပ်ပါ စာကြည့်တိုက်တံဆိပ်ရိုက်နှိပ်ခြင်းလုပ်ငန်း၊ စာအုပ်အမျိုးအစား ခွဲခြားခြင်းလုပ်ငန်း၊ စာကြည့်တိုက်များအတွက် စုဆောင်းဖြည့်တင်းရရှိမှု နည်းလမ်း(၄)သွယ် စသည့် စာကြည့်တိုက်၏လုပ်ငန်းအကြောင်းအရာများကို ဝန်ထမ်းတစ်ဦးချင်းအလိုက် ဖတ်ကြားဆွေးနွေးခဲ့ကြောင်း သိရသည်။ **ထက်ဝေဖြိုး(ပြန်/ဆက်)**

# သက်ငယ်မုဒိမ်းမှုကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဆွေးနွေး

နေပြည်တော် မတ် ၁၇

နေပြည်တော် ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ သက်ငယ်မုဒိမ်းမှုကာကွယ်စောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာလင်းနှင့် စာရေးဆရာမ သက်သက်နွယ်(ရန်ကုန်တက္ကသိုလ်)တို့က သက်ငယ်မုဒိမ်းမှု သတ်မှတ်နိုင်သည့်အရွယ်၊ သက်ငယ်မုဒိမ်းမှု၏ ဆိုးကျိုးများအကြောင်း၊ သက်ငယ်မုဒိမ်းမှုကျူးလွန်ခံရသည့် ကလေးများ၏ ဘဝပျိုးထောင်ရေး အကြောင်း၊ သက်ငယ်မုဒိမ်းကျူးလွန်ခံရသည့် ကလေးများကို တွေ့ပါက ဒဏ်ရာပေါင်းကိုမဆွမိအောင် မမေးမိစေရန်၊ စာနာရန်၊ သနားရန်၊ ညှာတာရန်၊ ပုံမှန်ကြီးပြင်းခွင့်ပေးရန် အကြောင်းများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



# နောင်ချိုမြို့နယ်၌ သက်ကြီးဘိုးဘွားကူညီစောင့်ရှောက်ရေး အသိပညာပေးဆွေးနွေး

နောင်ချို မတ် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သံသရာအေးဘိုးဘွားရိပ်သာတို့ ပူးပေါင်း၍ သက်ကြီးဘိုးဘွား ကူညီစောင့်ရှောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ(တာဝန်ပေး)ဒေါ်သန်းသန်းထွေးက အသိပညာပေး ဆွေးနွေးပွဲများ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး သံသရာအေးဘိုးဘွားများ ရိပ်သာစတင်ဆောင်ရွက်ခဲ့မှု အခြေအနေ၊ သက်ကြီးဘိုးဘွားများအား စားရေး၊ သောက်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေးကိစ္စရပ်များဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရန် အသိပညာပေး ဆွေးနွေးပွဲများကို ရိုက်ကူး၍ အွန်လိုင်းမှ တစ်ဆင့် ထုတ်လွှင့်ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

■

## လူငယ်ရေးရာနှင့် အားကစား

# မော်လမြိုင်မြို့၌ လူငယ်သင်တန်းကျောင်း ဖူဆယ်အားကစားကွင်းသစ် ဖွင့်ပွဲကျင်းပ



**မော်လမြိုင် မတ် ၁၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မော်လမြိုင်လူငယ်သင်တန်းကျောင်းတွင် ယနေ့ နံနက် ၈ နာရီက ဖူဆယ်အားကစားကွင်းသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးမြတ်သွင်တို့က ဖူဆယ်အားကစားကွင်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မော်လမြိုင်လူငယ်သင်တန်းကျောင်း၌စောင့်ရှောက်ထားသည့်ကျောင်းသားများ၏ ကိုယ်ကာယကြံ့ခိုင်ရေးနှင့် စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတို့အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖူဆယ်အားကစားကွင်း တည်ဆောက်ပေးခြင်းဖြစ်ကြောင်း၊ လူငယ်များ ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေးနှင့် အားကစားစိတ်ဓာတ်ကောင်းများ ရရှိစေရန် ရည်ရွယ်ပြီး သိုင်းသရုပ်ပြပွဲနှင့် ဘောလုံးအားကစားပြိုင်ပွဲများ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ လူငယ်သင်တန်းကျောင်းတွင် စောင့်ရှောက်ထားသည့် ကလေးသူငယ် ၂၇၃ ဦး၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ရေးအတွက် စိုက်ပျိုးရေးနှင့် သက်မွေးပညာများ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းတာဝန်ရှိသူနှင့် ကျောင်းသားများအနေဖြင့် ဖူဆယ်အားကစားကွင်း ရေရှည်တည်တံ့ကောင်းမွန်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ကြည့်ရှုအားပေး**

ထို့နောက် မော်လမြိုင်လူငယ်သင်တန်းကျောင်းမှ ကျောင်းသားလေးများက မြန်မာ့သိုင်း အားကစားဖြင့် သရုပ်ပြသခြင်း၊ ရိုးရာခြင်းလုံးအလှခတ် သရုပ်ပြသခြင်းနှင့် "တို့ချစ်တဲ့ ကမ္ဘာမြေ" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေပေးပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးများသည် ဖူဆယ်အားကစားကွင်းသစ်ဖွင့်ပွဲအဖြစ် လူငယ်သင်တန်းကျောင်း ဖူဆယ်ဘောလုံးအသင်းနှင့် ရွှေနတ်တောင် ဖူဆယ်ဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်က သိုင်းသရုပ်ပြအဖွဲ့အား လည်းကောင်း၊ ဒုတိယဝန်ကြီးက ရိုးရာခြင်းလုံးအဖွဲ့အား လည်းကောင်း၊ ပြည်နယ်လူမှုရေးဝန်ကြီးက တေးသီချင်းဖြင့် ဖျော်ဖြေသောအဖွဲ့အား လည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးက ဖူဆယ်ဘောလုံးအသင်းများကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တောင်ကြီးမြို့၌ ၂၀၂၂ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်း ဖွင့်လှစ်မည်

**တောင်ကြီး မတ် ၁၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၂၀၂၂ ခုနှစ် နွေရာသီအခြေခံအားကစားသင်တန်းကို မတ် ၂၀ ရက်မှ ဧပြီ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ အလေးမ/ကာယဗလ၊ ရိုးရာခြင်း၊ တိုက်ကွမ်ဒို၊ ကရာတေးဒို(ရှိုတိုကန်)/ (ကျို့ခ်ိရှင်း)၊ ဘိလိယက်/စနူကာ၊ စားပွဲတင်တင်းနစ်၊ တင်းနစ်၊ အေရိုးဗစ်/Fitness Dance၊ မြန်မာ့သိုင်း၊ ကြက်တောင်၊ ဂျူဒို၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ စစ်တုရင်နှင့် ဘော်လီဘောစသည့်အားကစားနည်း ၁၈ မျိုးကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

နွေရာသီအခြေခံအားကစားသင်တန်းတွင် လေ့ကျင့်သင်ကြားပေးမည့် တာဝန်ခံသင်တန်းနည်းပြများ၏ ဖုန်းနံပါတ်၊ သင်တန်းဖွင့်လှစ်မည့်နေရာ၊ ဆက်သွယ်ရန်ဖုန်း၊ ဖွင့်လှစ်မည့်အချိန်ဇယားကို ပြည်နယ်အားကစားကွင်း၌ ကြေညာထားရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များအရ သင်တန်းသားဦးရေကို ကန့်သတ်ထားကြောင်း သိရသည်။

ဇော်နိုင်လင်း

# ရေဖြူမြို့နယ်၌ လူငယ်ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် အားကစားသင်တန်းဖွင့်လှစ်ပို့ချ



**ရေဖြူ မတ် ၁၇**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် မြို့နယ်ကြက်ခြေနီအသင်းခွဲ၊ ကြက်ခြေနီတပ်ဖွဲ့က ဦးဆောင်၍ ဘောလုံးအခြေပြု လူငယ်နှင့် အားကစား ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်သင်တန်းကို မတ် ၁၄ ရက်မှ ၁၉ ရက်အထိ မိုးလုံလေလုံအားကစားခန်းမ၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကို အ.ထ.က ရေဖြူမှ အသက် (၁၄)နှစ်အောက် လူငယ်များအား တာဝန်ယူတတ်စေရန်၊ ခေါင်းဆောင်မှု အရည်အသွေးထားရှိတတ်စေရန်၊ စည်းလုံးညီညွတ်စွာဆောင်ရွက်တတ်စေရန် ရည်ရွယ်ကာ ဖွင့်လှစ်ခြင်းဖြစ်ပြီး ရေဖြူမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှ သင်တန်းနည်းပြ ရှစ်ဦးဖြင့် ပို့ချလျက်ရှိရာ သင်တန်းသား ၂၅ ဦးနှင့် လေ့လာသူ ငါးဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

ခတ္တာ(ရေဖြူ)

■

# ဗန်းမော်မြို့၌ အားကစားဆိုင်ရာအသိပညာပေး ဆွေးနွေးပွဲပြုလုပ်

**ဗန်းမော် မတ် ၁၇**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် အားကစားဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် ဗန်းမော်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်ထွန်းက ဗန်းမော်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၏ အားကစားနှင့် ပတ်သက်၍ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် အစီအစဉ်များ၊ မြန်မာနိုင်ငံအတွင်း အားကစားတိုးတက်ရေးအတွက် အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေများ စသည့် အားကစားဆိုင်ရာများကို မေးမြန်းဆွေးနွေးကာ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးသက်ပိုင်ထွန်းက အားကစားဆိုင်ရာများကို ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ဗန်းမော်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ Physical Fitness Dance အကဖြင့် ကပြခဲ့ရာ ပြည်သူများ အားကစားဆိုင်ရာ လေ့လာသိရှိနိုင်စေရန်အတွက် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်ထားသည့် We Love Page တွင် လွှင့်တင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိန်းဖြူ(ပြန်/ဆက်)






# (၄၈)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ် သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် မတ် ၁၇**

(၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်အဖြစ် သဲသောင်ပြင် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ကမ်းနားလမ်းသဲသောင်ပြင်၌ ပြုလုပ်သည်။

အဆိုပါပြိုင်ပွဲများကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများနှင့် ဌာနဆိုင်ရာများမှ အားကစားဝါသနာရှင်များက သဲသောင်ပြင် ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသား ၁၀ သင်း၊ အမျိုးသမီး ၁၀ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ခြောက်သိန်းကျော် ထပ်မံတွေ့ရှိ

ဆိုးလ် မတ် ၁၇

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၂၁၃၂၈ ဦး ထပ်မံစစ်ဆေးတွေ့ရှိရာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၂၅၀၅၉၂ ဦးရှိလာကြောင်း ကျန်းမာရေး အာဏာပိုင်များက ယနေ့ပြောသည်။

နိုင်ငံအတွင်း၌ နေ့စဉ် ကူးစက်မှုအရေအတွက် ခြောက်သိန်းကျော်တွေ့ရှိသည်မှာ ပထမဆုံးအကြိမ် ဖြစ်သည်။

အဆိုပါ နေ့စဉ် ကူးစက်မှုအရေအတွက်သည် မတ် ၁၅ ရက်တွင် စစ်ဆေးတွေ့ရှိခဲ့သည့် နေ့စဉ် ကူးစက်မှုအရေအတွက်ထက် ၄၀၀၇၁၁ ဦးမြင့်တက်လာကြောင်း ကိုရီးယားရောဂါကာကွယ်ထိန်းချုပ်ရေးအေဂျင်စီက ပြောသည်။

လက်ရှိတွင် မြို့တော်ဆိုးလ်၌ အိုမီခရွန်ဗီဇ ပြောင်းဗိုင်းရပ်စ်ကူးစက်မှု မြင့်တက်လျက်ရှိသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၂၈၃၇၅ ဦးသည် မြို့တော်ဆိုးလ်မှဖြစ်ပြီး ၁၈၁၉၈၃ ဦးသည် ဂျောင်ဂီစီရင်စုနှင့် ၃၂၉၆၄ ဦးသည် အင်ချွန်းမြို့မှ ဖြစ်ကြောင်းနှင့် ကျန် ၆၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။ လက်ရှိအချိန်အထိ နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသည့် ရောဂါကူးစက်ခံရသူအရေအတွက် ၃၀၅၃၇ ဦးရှိသည်။

ထို့ပြင် ရောဂါပြင်းထန်စွာ ခံစားနေရသူ ၁၁၅၉ ဦးရှိပြီး လွန်ခဲ့သောရက်ကထက် ၈၅ ဦး လျော့ကျလာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ၄၂၉ ဦးထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၄၈၁ ဦးရှိပြီဖြစ်သည်။ စုစုပေါင်း သေဆုံးမှုနှုန်း သုည ဒသမ ၁၄ ရာခိုင်နှုန်းရှိသည်။

တောင်ကိုရီးယားအစိုးရက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်ကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၄၄၉၁၇၄၇၅ ဦး (နိုင်ငံ့လူဦးရေ၏ ၈၇ ဒသမ ၅ ရာခိုင်နှုန်း)အား ကာကွယ်ဆေးပထမအကြိမ် ထိုးနှံပေးပြီးဖြစ်သည်။ ပြည်သူ ၄၄၄၄၆၇၁၆ ဦး (နိုင်ငံ့လူဦးရေ၏ ၈၆ ဒသမ ၆ ရာခိုင်နှုန်း)အား ကာကွယ်ဆေး အပြည့်အဝ ထိုးနှံပေးပြီးဖြစ်သည်။

ထို့ပြင် ပြည်သူ ၃၂၂၁၇၅၃၃ ဦး (နိုင်ငံ့လူဦးရေ၏ ၆၂ ဒသမ ၈ ရာခိုင်နှုန်း) သည် ကာကွယ်ဆေး ထပ်ဆောင်းထိုးနှံမှု ခံယူပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**



# အင်ဒိုနီးရှားနိုင်ငံက ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ စတင်ဆောင်ရွက်

ဂျကာတာ မတ် ၁၇

အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှား ရူပီးယား ၁၅၅ ဒသမ ၁၂ ထရီလီယံ (ကန်ဒေါ်လာ ၁၀ ဒသမ ၈ ဘီလီယံ) တန်ကြေးရှိသည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်း ၄၇ ခုကို စတင်ဆောင်ရွက်ခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဝန်ကြီး ဘာလီလာဟာဒါလီရာက ယနေ့ ပြောကြားသည်။



အင်ဒိုနီးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဝန်ကြီး ဘာလီလာဟာဒါလီရာ

အဆိုပါ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ခရီးသွားလုပ်ငန်း၊ စက်မှုနှင့် အခြေခံအဆောက်အအုံဆိုင်ရာ ကဏ္ဍများမှ လုပ်ငန်းများပါဝင်ကြောင်း ဂျကာတာ စဉ်ဆက်မပြတ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများစတင်သည့် အခမ်းအနားတွင် ၎င်းက ပြောကြားသည်။

မိမိတို့သည် ကြိုတင်တွက်ဆခန့်မှန်းမှုများကို ဆောင်ရွက်ပြီးမှသာ အဆိုပါ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းများကို ခွင့်ပြုရန် ဆောင်ရွက်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ယခု ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများတွင် ပါဝင်ဆောင်ရွက်မည့် လုပ်ငန်းရှင်များအား လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့် ရသင့်သည့် အကျိုးအမြတ်များရရှိစေရန် မိမိတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် အရှေ့တောင်အာရှဒေသ၌ ပြည်သူ ၄ ဒသမ ၇ သန်း စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်ခဲ့ရ

မနီလာ မတ် ၁၇

၂၀၂၁ ခုနှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် အရှေ့တောင်အာရှဒေသ၌ ပြည်သူ ၄ ဒသမ ၇ သန်းသည် စီးပွားရေးအကျပ်အတည်းများနှင့်ရင်ဆိုင်ခဲ့ရပြီး ပြည်သူ ၉ ဒသမ ၃ သန်း အလုပ်အကိုင်ဆုံးရှုံးခဲ့ကြောင်း မတ် ၁၆ ရက်တွင် ထုတ်ပြန်သည့် အာရှဖွံ့ဖြိုးမှုဘဏ်၏ အစီရင်ခံစာတစ်ရပ်အရ သိရသည်။

သို့သော် အရှေ့တောင်အာရှဒေသရှိ ပြည်သူ ၆၀ ရာခိုင်နှုန်းနီးပါးသည် ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးဖြစ်သည့်အတွက် စီးပွားရေးလုပ်ငန်းများကို ပြန်လည်စတင်လာသည်ဖြစ်ရာ ကိုဗစ်-၁၉ ကပ်ရောဂါအကျပ်အတည်းမှ ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာတွင်ပါရှိသည်။

ယခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းအများအပြား ပြန်လည်စတင်လာပြီဖြစ်သော်လည်း ဒေသတွင်းရှိ စီးပွားရေးအခြေအနေသည် ယိုယွင်းလျက်ရှိပြီး အိမ်ထောင်စုအများအပြားသည် အလုပ်အကိုင်ဆုံးရှုံးမှုများကြောင့် ဝင်ငွေဆုံးရှုံးမှုများနှင့် ရင်ဆိုင်နေရဆဲဖြစ်သည်။

ဒေသတွင်း၌ ကပ်ရောဂါကြောင့် အမျိုးသမီးများ၊ လူငယ်လုပ်သားများနှင့် သက်ကြီးလုပ်သားများအကြား အလုပ်အကိုင်ဆုံးရှုံးမှုများ မြင့်တက်လျက်ရှိကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ မာဆက်ဆူဂူ အာဆာကာဝါက ဆိုသည်။

ထို့ပြင် တီထွင်ဆန်းသစ်ပြီး စိမ်းလန်းစိုပြည်မှုရှိသည့် အခြေခံအဆောက်အအုံများနှင့် နည်းပညာဆန်းသစ်တီထွင်မှုများတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်ကာ ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ကြရန် ဒေသတွင်းနိုင်ငံများ၏ အစိုးရများအား ၎င်းက တိုက်တွန်းပြောကြားသည်။

ထို့ပြင် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းများအပြင် အနာဂတ်ကပ်ရောဂါတုံ့ပြန်ရေးအတွက် အရင်းအမြစ်များအား ခွဲဝေသုံးစွဲရန် ဒေသတွင်းအစိုးရများအား အဆိုပါအစီရင်ခံစာတွင် တိုက်တွန်းပြောကြားသည်။ ဒေသတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ကုန်ကျစရိတ်သည် အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)၏ ငါးရာခိုင်နှုန်းသာ ကုန်ကျမည်ဆိုပါက ဒေသတွင်းစီးပွားရေးတိုးတက်မှုသည် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာနိုင်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ဒေသတွင်း၌ လက်ရှိရင်ဆိုင်ကြုံတွေ့နေသည့် စိန်ခေါ်မှုများဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းဗိုင်းရပ်စ်များ ထွက်ပေါ်လာခြင်း၊ ကမ္ဘာလုံးဆိုင်ရာ အတိုးနှုန်းများတင်းကျပ်ခြင်း၊ ထောက်ပံ့ပေးမှုများ ကွင်းဆက်ပြတ်တောက်ခြင်း၊ ကုန်ဈေးနှုန်းတက်ခြင်းနှင့် ငွေကြေးဖောင်းပွမှုများကိုလည်း ကောင်းမွန်စွာ ကိုင်တွယ်ထိန်းချုပ်ရန် လိုအပ်ကြောင်း ဒေသတွင်းအစိုးရများအား အဆိုပါအစီရင်ခံစာက တိုက်တွန်းထားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၂၉၈ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မတ် ၁၇

မလေးရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၈၂၉၈ ဦးထပ်မံတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၉၀၀၄၃၃ ဦးရှိလာပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဆိုပါရောဂါ ထပ်မံကူးစက်ခံရသူများအနက် ၆၉၈ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၂၇၆၀၀ သည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ လူနာ ၁၀၅ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၃၄၀၉၉ ဦးရှိလာပြီဖြစ်သည်။

သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၃၃၀၀၉ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေပြန်လည်ကောင်းမွန်လာသူပေါင်း ၃၅၆၇၀၀၃ ဦးရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၂၉၉၃၃၁ ဦးရှိပြီး ယင်းတို့အနက် ၃၇၄ ဦးသည် ရောဂါပြင်းထန်စွာ ခံစားနေရသည်။ ၎င်းတို့အနက် ၂၃၃ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

နိုင်ငံ့လူဦးရေ၏ ၈၃ ဒသမ ၈ ရာခိုင်နှုန်းသည် ကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ၇၈ ဒသမ ၉ ရာခိုင်နှုန်းသည် ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်သည်။ ပြည်သူ ၄၇ ဒသမ ၁ ရာခိုင်နှုန်းသည် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံမှုခံယူပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ဆော်ဒီဦးဆောင်သော မဟာမိတ်များနှင့် ဆွေးနွေးရန် အသင့်ရှိဟု ဟူသီစစ်သွေးကြွအုပ်စု ပြောကြား

ဆာနာ မတ် ၁၇

ယီမင်နိုင်ငံ၏ ခုနှစ်နှစ်ကြာဖြစ်ပွားခဲ့သည့် ပြည်တွင်းစစ်အဆုံးသတ်ရေးအတွက် ဆော်ဒီဦးဆောင်သော မဟာမိတ်များနှင့် ညှိနှိုင်းဆွေးနွေးရန် အသင့်ရှိကြောင်း ဟူသီစစ်သွေးကြွအုပ်စုက ယမန်နေ့တွင် ပြောကြားခဲ့သည်။

မိမိတို့အနေဖြင့် ယီမင်စစ်ပွဲအတွင်း ပါဝင်တိုက်ခိုက်ခြင်းမပြုသော ကြားနေနိုင်ငံတစ်နိုင်ငံတွင် ဆော်ဒီဦးဆောင်သော မဟာမိတ်နိုင်ငံများနှင့် ဆွေးနွေးရေးအတွက် အသင့်ရှိနေကြောင်း ဟူသီစစ်သွေးကြွအုပ်စုက ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် နိုင်ငံမြို့တော် ဆာနာအပါအဝင် နိုင်ငံ၏ ဒေသအများအပြားအား ဟူသီစစ်သွေးကြွအုပ်စုက သိမ်းပိုက်ခဲ့ပြီးနောက် ယီမင်တွင် ပြည်တွင်းစစ် စတင်ဖြစ်ပွားခဲ့သည်။ ဆော်ဒီအာရေးဗျနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် အာရပ် စစ်ဘက်မဟာမိတ်အဖွဲ့ကို ဖွဲ့စည်းပြီး ယီမင်ပြည်တွင်းစစ်တွင် သမ္မတ အက်ရာဘူမန်ဆော ဦးဆောင်သည့် အစိုးရဘက်မှ ကူညီတိုက်ခိုက်ခဲ့သည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်၊ နှစ်ဦးသေဆုံးပြီး ၉၂ ဦး ဒဏ်ရာရ

တိုကျို မတ် ၁၇

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၌ ယမန်နေ့ညပိုင်းတွင် အင်အားပြင်းငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ နှစ်ဦးသေဆုံးပြီး ၉၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြင်းအား ၇ ဒသမ ၄ အဆင့်ရှိ ငလျင်သည် ဖူကူရှီးမားနှင့် မီယာဂီခရိုင်များအပါအဝင် ခရိုင်ခုနစ်ခု၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မီးဘေးနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီက အတည်ပြုပြောကြားသည်။

မတ် ၁၆ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ ၃၆ မိနစ်တွင် မြောက်လတ္တီတွဒ် ၃၇ ဒသမ ၇ နှင့် အရှေ့လတ္တီတွဒ် ၁၄၁ ဒသမ ၇ သို့ ဗဟိုပြုပြီး မြေပြင်အောက် ၆၀ ကီလိုမီတာ (၃၇ မိုင်) လှုပ်ခတ်သွားကြောင်း သိရသည်။

အဆိုပါငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီရေလှိုင်း သတိပေးချက်များ ထုတ်ပြန်ထားသည့်အတွက် မီယာဂီနှင့် ဖူကူရှီးမားစီရင်စုများရှိ ကမ်းရိုးတန်းဒေသများသို့ သွားလာခြင်းမှ ရှောင်ကြဉ်ကြရန် ဒေသခံပြည်သူများအား အာဏာပိုင်များက သတိပေးထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ကျည်ဆန်ရထားတစ်စင်း ပြေးလမ်းချော်မှုဖြစ်ပွားခဲ့၍ တိုဟိုကူ ရှင်ကန်ဆန် ကျည်ဆန်ရထားပြေးဆွဲမှုများကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

ထို့ပြင် အိုဆာကီမြို့နှင့် ဆိုမာမြို့ရှိ အဝေးပြေးကားလမ်းမများကိုလည်း ယာယီပိတ်ထားကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်





# အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၁ သန်းကျော်ရှိလာ

အဒစ်အဘာဘာ မတ် ၁၇

အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၁၂၈၇၅၉၉ ဦးအထိ မြင့်တက်လာကြောင်း အာဖရိက ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့ သတင်းထုတ်ပြန်သည်။

ထို့ပြင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၂၅၀၄၂၂ ဦးရှိလာကြောင်းနှင့် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၁၀၅၅၅၁၉၅ ဦးရှိပြီဖြစ်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှားနှင့် လစ်ဗျားနိုင်ငံများသည် အာဖရိကဒေသ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အများဆုံးတွေ့ရှိသည့် နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ဆိုသည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် ၃၆၉၆၈၂၃ ဦးရှိပြီး မော်ရိုကိုနှင့် တူနီးရှားနိုင်ငံတို့၌ ရောဂါကူးစက်ခံရသူ ၁၁၆၂၃၆ ဦးနှင့် ၁၀၂၉၇၆၂ ဦးတို့ တွေ့ရှိရကြောင်း သိရသည်။

အာဖရိကဒေသတွင်း၌ အာဖရိကတောင်ဘက်ပိုင်း၊ မြောက်ဘက်ပိုင်းနှင့် အရှေ့ဘက်ပိုင်းတို့သည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုအရေအတွက် အများဆုံးဖြစ်ပြီး ဗဟိုအာဖရိကသည် ရောဂါကူးစက်မှုအနည်းဆုံးဖြစ်သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# အိန္ဒိယအစိုးရက အီလက်ထရောနစ်ဗီဇာများ ပြန်လည်ထုတ်ပေး

နယူးဒေလီ မတ် ၁၇

အိန္ဒိယအစိုးရသည် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့်ဒေသပေါင်း ၁၅၀ မှ နိုင်ငံသားများအား ငါးနှစ်သက်တမ်းရှိသည့် အီလက်ထရောနစ်ပြည်ဝင်ခွင့်ဗီဇာကို ပြန်လည်ခွင့်ပြုခဲ့ကြောင်း အောလ်အိန္ဒိယရေဒီယိုက ယနေ့ပြောကြားသည်။ အဆိုပါဗီဇာအမျိုးအစားများအား နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများကြောင့် မူလက ဗီဇာထုတ်ပေးမှုကို နှစ်နှစ်ခန့် ရပ်ဆိုင်းထားခဲ့သည်။

အဆိုပါခွင့်ပြုချက်အရ သက်ဆိုင်ရာနိုင်ငံများမှ ဗီဇာသတ်မှတ်ချက်များနှင့် ကိုက်ညီသောသူများအား အီလက်ထရောနစ်ပြည်ဝင်ခွင့်ဗီဇာကို ထုတ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အမေရိကန်နှင့် ဂျပန်နိုင်ငံသားများကိုလည်း ၁၀ နှစ်သက်တမ်းရှိသည့် ပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးရေး ပြန်လည်ဆောင်ရွက်လျက်ရှိကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် အာဖဂန်နစ္စတန်နိုင်ငံသားများအတွက် အရေးပေါ်ဗီဇာကို ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း မူလက နှစ်နှစ်ခန့် ရပ်ဆိုင်းထားခဲ့ရသော အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးစဉ်များ ပြေးဆွဲမှုကို မတ် ၂၇ရက်မှ စတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ဘာသာပြန်-စိုးသူရ

# အင်ဒိုနီးရှား၌ ပထမဆုံးလျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံ ဖွင့်လှစ်

ဂျကာတာ မတ် ၁၇

တောင်ကိုရီးယား ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီသည် အင်ဒိုနီးရှားနိုင်ငံ၌ ပြည်တွင်းထုတ် Hyundai IONIQ 5 လျှပ်စစ်ကားထုတ်လုပ်မည့် မော်တော်ယာဉ် ထုတ်လုပ်ရေးစက်ရုံကို ယမန်နေ့က စတင်ဖွင့်လှစ်ခဲ့သည်။ ဟွန်ဒိုင်းမော်တော်ကားကုမ္ပဏီသည် မော်တော်ယာဉ် ထုတ်လုပ်မှုအတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ကားများသည် အနာဂတ်တွင် နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအတွက် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင်လာမည်ဟု မိမိမျှော်လင့်ကြောင်း အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။ ယခုအချိန်တွင် မိမိမျှော်လင့်ခဲ့ရသော ရုပ်ကြွင်းလောင်စာသုံးမော်တော်ကားမှ သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် လျှပ်စစ်ကားများ ပြောင်းလဲထုတ်လုပ်နိုင်သည့်အချိန်သို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း ဝီဒိုဒိုက ပြောကြားသည်။

မိမိနိုင်ငံတွင် လျှပ်စစ်ကားထုတ်လုပ်ရာ၌ သုံးစွဲနိုင်သည့် သယံဇာတများစွာရှိကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ ပြည်တွင်းထုတ် Hyundai IONIQ 5 လျှပ်စစ်ကားများ ပြည်တွင်းနှင့်ပြည်ပဈေးကွက်တွင် ဝင်ရောက်နေရာယူနိုင်ခဲ့ပါက အင်ဒိုနီးရှားနိုင်ငံအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အင်ဒိုနီးရှားနိုင်ငံသည် လျှပ်စစ်ကားထုတ်လုပ်ရာတွင် လိုအပ်သော ကုန်ကြမ်းများဖြစ်သည့် နီကယ်၊ ကိုဘော့၊ ကြေးနီစသည့် ကုန်ကြမ်းပစ္စည်းများအား ပြည်ပသို့ အဓိကတင်ပို့သည့်နိုင်ငံတစ်ခုဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ




# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃ သန်းကျော်ရှိလာ

နယူးဒေလီ မတ် ၁၇

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၅၃၉ ဦးထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၃၀၀၁၄၇၇ ဦးရှိလာပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် လူနာ ၆၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၅၁၆၁၃၂ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော တစ်ရက်တာအတွင်း ပိုးတွေ့ဆဲလူနာ ၂၀၁၂ ဦးလျော့ကျသွားသည့်အတွက် လက်ရှိအချိန်၌ ပိုးတွေ့ဆဲလူနာ ၃၀၇၉၉ ဦးသာရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံအတွင်း၌ ပိုးတွေ့ဆဲလူနာအရေအတွက် လျော့ကျလာသည်မှာ ၅၂ ရက်ဆက်တိုက်ရှိပြီဖြစ်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၄၄၉၁ ဦး ရောဂါမှ ပြန်လည်သက်သာလာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၄၂၄၅၄၅၄၆ ဦးရှိပြီဖြစ်သည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မတ် ၁၇

အမျိုးသမီးတစ်ဦးကို တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့နေ ခင်စန်းဝေ(ခ) ခင်သန်းဝေ၊ ပိုးပိုး(ခ)ပိုးအိဝင်းနှင့် လှရွှေ(ခ)ချစ်ဆွေဦးတို့က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ မ -----၊ ၂၀ နှစ်ကို တရုတ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်ကိုင်ပါက တစ်လလျှင် ယွမ် ၃၀၀၀ ကျော်ရရှိမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်နိုင်ငံရှိ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် မုံရွာမြို့မရဲစခန်း(ပ) ၅၁၀/ ၂၀၂၀၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး မုံရွာခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၅ ရက်တွင် တရားခံ ခင်စန်းဝေ(ခ)ခင်သန်းဝေ၊ ပိုးပိုး(ခ)ပိုးအိဝင်းနှင့် လှရွှေ(ခ)ချစ်ဆွေဦးတို့ သုံးဦးကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/ ၃၂ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် ကျွန်းသစ်နှင့် လိုင်စင်မဲ့ မော်တော်ယာဉ် သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၇




တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၃ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းရှိ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်တိုင်အမှတ် ၉၆ မိုင် ၅ ဖာလုံ ရှောင်ကွင်းလမ်းအတွင်းမှ ထွက်ခွာလာသည့် Toyota Wish အမျိုးအစား လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင် သစ်တောကြိုးဝိုင်းအတွင်း တရားမဝင်ကျွန်းသစ် ၆ ဒသမ ၀၄၁၄ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၁၂၄၂၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၃ ရက်နှင့် ၁၇ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ **အမှုတွဲ နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၁၂၄၂၀)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မတ် ၇ ရက်မှ ၁၃ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၈ ဒသမ ၅၁၄၂ တန်၊ သစ်မာ ၅၁ ဒသမ ၀၃၀၈ တန်၊ အခြား ၁၉၈ ဒသမ ၀၀၈၈ တန် စုစုပေါင်း ၂၈၇ ဒသမ ၅၅၃၈ တန်၊ တရားခံ ၃၁ ဦးနှင့် ယာဉ်/ယန္တရား ၂၄ စီးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

သတင်းစဉ်






## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၈-၃-၂၀၂၂ သောကြာနေ့

### MRTV HD

၀၆:၀၀ မေတ္တသုတ်၊ ရတနသုတ်၊ ခေါရုဂ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ် ဒီမိုကရေစီ
၀၉:၁၀ မျက်မှောက်ရေးရာအဖြာဖြာ
၀၉:၃၀ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ (မြန်မာစာဘာသာရပ်)
၀၉:၄၅ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူမှုစီးပွားမြင်ကွင်းများ
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၉)
၁၃:၃၀ MRTV National News
၁၅:၀၀ အခြေခံပညာအထက်တန်းအဆင့် Grade-11 ဘာသာရပ်ဆိုင်ရာသင်ခန်းစာများ (ပထဝီဝင်ဘာသာရပ်)
၁၆:၃၅ တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်ခန်းစာများ (အင်္ဂလိပ်စာဘာသာရပ်)
၁၇:၁၅ လူငယ်မျိုးဆက်သစ်အစီအစဉ်
၁၇:၄၀ Weekly Sport Info
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ သုတဝေဖြာသိရှိဖွယ်ရာ
၁၉:၂၀ မြန်မာဇာတ်လမ်းတွဲ 'ရုပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'ကြယ်နှင့်အတူ' (အပိုင်း-၁၄)
၂၁:၄၅ 'ငွေဦးကုံကော်' တေးဂီတပျော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### mitv

07:02 Myitta Phyan Mha Lenn Senn Mal (Thida Theint)
07:09 Gardener of Royal Thazin Floral
07:29 South Okkalapa Pagoda
07:46 Myanmar Masterclass: Artist Hla Phone Aung
08:01 Myanmar Puppeteers (Zawgyi Dance)
08:09 Mogok, Ruby Land
08:26 Daytamotbarat Sasana Land
08:48 Farming: Duck Breeder
09:01 News
09:26 Global Partnership for Brighter Future: ASEAN Pavilion at Expo 2020 Dubai
09:36 Myanmar Delicate Artistic Creations - Gem Stone Painting
09:54 Sticky Shan Snack
10:01 Traditional Snacks

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
တစ်နိုင်တစ်ပိုင်စိုက်ပျိုးနိုင်တဲ့ငွေနှင်းပို့

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သွားပိုးစားခြင်းအကြောင်းသိကောင်းစရာ

**ချင်း (လိုင်ဇိုး) (၀၉:၀၀ မှ ၁၀:၀၀)**
နှလုံးကျန်းမာရေးအကြောင်းသိကောင်းစရာ

**ချင်း (ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
တောင်ယာခုတ်ရန်ဆုတောင်းခြင်း

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ငါးနုပ်မရုပ်ပြားမွှန်ချက်

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ပင်မြင့်သဇင်ပန်းတော်ဝင်

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
ကျိုင်းတုံမြို့

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
စာအတူတူဖတ်ကြရအောင်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
အပဲဝင်းကော

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားတိုင်းရင်းသားများရဲ့နာမည်မှည့်ခေါ်ခြင်း

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၃၅ အားကစားသတင်း
၀၇:၃၅ အသိပညာနှင့်အမှန်တရား
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၁၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၁၂:၃၅ Soccer View
၁၃:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အကျိုးဖျက်ဆီးမှုအကြောင်းသိမှတ်စရာ**'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၃)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၃)

### MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၃၀ သီးနှံအရည်အသွေးမှန်ကန်နိုင်ရေး နည်းစနစ်ကျကျစိုက်ပျိုးပေး
၀၆:၄၅ ပန်းနေကြာ
၀၈:၀၀ ကျေးလက်ကွန်ရက်
၀၈:၂၀ မင်းဘူးဒေသထွက်ကညွတ်သီးနှံ
၀၉:၅၅ သီးနှံပွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဆွေးမြေဩဇာပြုလုပ်သုံးစွဲနည်း

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

SCAN ME
Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

**မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်**

# အကြမ်းဖက်သမားများက မူလတန်းကျောင်းအုပ်ဆရာမကြီးတစ်ဦးကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်၊ မင်းတုန်းအခြေခံပညာအထက်တန်းကျောင်းအား ဖောက်ခွဲဖျက်ဆီး





နေပြည်တော် မတ် ၁၇

အနာဂတ်လူငယ်လူရွယ်များ ပညာရည်မြင့်မားရေးအတွက် စာသင်ကျောင်းများဖွင့်လှစ်၍ စာပေသင်ကြားပေးလျက်ရှိသည်ကို လိုလားမှုမရှိသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများ အနေဖြင့် ပညာရေးဆိုင်ရာရုံးဌာနများနှင့် စာသင်ကျောင်းများကို မိုင်းထောင်ဖောက်ခွဲခြင်းများ၊ လက်ပစ်ဗုံး၊ လက်လုပ်မိုင်းများ၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် လူငယ်လူရွယ်များအား နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပြသပေးလျက်ရှိသည့် ဆရာ ဆရာမများကို အကြမ်းဖက်ခြိမ်းခြောက်ခြင်းများနှင့် လုပ်ကြံပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ ပြုလုပ်လျက်ရှိရာ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် မြို့စိုး(မြောက်)ကျေးရွာနေ ကမ်းမဖြူ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်စိန်(ခ) မြင့်မြင့်စိန် ၅၇ နှစ် (ဘ)ဦးထွန်းတင်သည် ၎င်း၏နေအိမ်၌ ရှိနေစဉ် မတ် ၁၆ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် PDF အမည်ခံ အကြမ်းဖက်သမား ခြောက်ဦး ရောက်ရှိလာပြီး ဒေါ်မြင့်စိန်(ခ) မြင့်မြင့်စိန်ကို “CDM မလုပ်ဘူးလား” ဟုခြိမ်းခြောက်ကာ ဒလန်ဟု စွပ်စွဲပြောဆို၍ ဓားဖြင့် ထိုးခုတ်သတ်ဖြတ်ခဲ့ရာ လည်ကုပ်ပြတ်ရှဒဏ်ရာရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၄ နာရီ ၄၅ မိနစ်တွင် မင်းတုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်ရှိ မင်းတုန်း အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက ဂက်(စ်)ဘူး သုံးဘူးကို ဆိုင်ကယ်ကျွတ်စဖြင့်ပတ်ကာ ခတ်ဆီလောင်း၍ ကျောင်းခြံစည်းရိုးအပြင်မှ မီးရှို့ပစ်ပေါက်ခဲ့သဖြင့် ကျောင်းအုပ်ကြီးရုံးခန်းအပြင်ဘက်ဝရန်တာသို့ ကျရောက်ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုကြောင့် ကျောင်းခြံစည်းရိုးအုတ်တံတိုင်းပျက်စီး၍ ကျောင်းအုပ်ကြီးရုံးခန်း တံခါးမကြီး၏ မှန်များ၊ ပြတင်းပေါက်မှန်များနှင့် အဋ္ဌမတန်း(က)စာသင်ဆောင် အခန်းတံခါးမကြီး၏မှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ ကလေးသူငယ်များ အေးချမ်းစွာပညာသင်ကြားလျက်ရှိသည်ကို မလိုလားဘဲ စာသင်ကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းနှင့် နိုင်ငံ့ဝန်ထမ်းပီသစွာ စာပေသင်ကြားပေးလျက်ရှိသည့် ဆရာ ဆရာမများကို လုပ်ကြံသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ်၌ PDF အမည်ခံ အကြမ်းဖက်သမားများက ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ အထက်တန်းသူနာပြုဆရာမတစ်ဦးနှင့် အပြစ်မဲ့ပြည်သူသုံးဦးတို့ကို ရက်စက်စွာလုပ်ကြံသတ်ဖြတ်

နေပြည်တော် မတ် ၁၇

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထုများအကြား စိုးရိမ်ထိတ်လန့်မှုများဖြစ်ပေါ်လာစေရန်၊ အုပ်ချုပ်ရေးယန္တရားများ ရပ်တန့်စေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ငန်းများနှင့် နိုင်ငံ့ဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်းများကို ကျူးလွန်လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ ကျူးလွန်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ကြွေကျေးရွာ ကြွေတိုက်နယ်ဆေးရုံသို့ မတ် ၁၆ ရက် နံနက် ၁၀ နာရီ ၅ မိနစ်တွင် PDF အမည်ခံ အကြမ်းဖက်သမား ၃၀ ခန့် ရောက်ရှိလာပြီး ဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာနေ အထက်တန်းသူနာပြုဆရာမဖြစ်သူ ကလေးဝမြို့နယ် အမှတ်(၂) ရပ်ကွက်နေ ဒေါ်ခင်သန္တာမြင့် ၄၂ နှစ် (ဘ)ဦးလှအောင်နှင့် ခင်ပွန်းဖြစ်သူ ဦးသန်းနိုင်ဦး ၃၉ နှစ်(ဘ)ဦးဘပု၊ ဆေးရုံသို့ရောက်ရှိနေသည့် အဆိုပါကျေးရွာနေ ကြွေတိုက်နယ်ဆေးရုံ မြေအလုပ်ရှင် ဦးခင်မောင်တိုး ၄၆ နှစ်နှင့် ဆေးရုံအဆောက်အအုံအလုပ်ရှင် ဦးနိုင်လင်းထွန်း ၃၂ နှစ်(ဘ)ဦးခွေးမောင်တို့ လေးဦးကို ဆေးရုံလူနာဆောင်အတွင်းသို့ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ အထက်တန်းသူနာပြုဆရာမ ဒေါ်ခင်သန္တာမြင့်ကို CDM တွင် ပါဝင်ခြင်းမရှိဘဲ ဒေသခံပြည်သူများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် လည်းကောင်း၊ ဦးသန်းနိုင်ဦး၊ ဦးခင်မောင်တိုးနှင့် ဦးနိုင်လင်းထွန်းတို့ သုံးဦးကို ဒလန်များဟု လည်းကောင်း စွပ်စွဲပြောဆို၍ ဓားများဖြင့် ရက်စက်စွာဝိုင်းဝန်းထိုးခုတ်သတ်ဖြတ်ခဲ့ရာ အထက်တန်းသူနာပြုဆရာမအပါအဝင် ၎င်းတို့လေးဦးမှာ ရရှိဒဏ်ရာများဖြင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ထိရောက်စွာအရေးယူနိုင်ရေး**

အထက်ပါဖြစ်စဉ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူ အထက်တန်းသူနာပြုဆရာမနှင့် အပြစ်မဲ့ပြည်သူသုံးဦးတို့ကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး နယ်မြေခံတပ်မတော်စစ်ကြောင်းများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၁၇

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နေ ဒေါက်တာကိုသုဇင်သည် ၎င်းအသုံးပြုသည့် “Ko Thu Zin” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက် မင်းရာဇာလမ်း “ချမ်းသာ” အဆောင်နေ ဇော်မင်းထိုက်(ခ)ကုလား ၃၆ နှစ်သည် ၎င်းအသုံးပြုသည့် “ကိုကို” Facebook အကောင့်နှင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကြည်သာအရှေ့ကျေးရွာနေ ကြည်ဇင်စိုး ၁၇ နှစ်သည် ၎င်းအသုံးပြုသည့် “Kyizin soe” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■ **စစ်ကိုင်းတိုင်းဒေသကြီးမှ**

မတ် ၁၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် လှိုင်သာယာရပ်ကွက် စိတ်ကျာလာလမ်း ဖိုးခွားဖုံနယ် ခရစ်ယာန်ဘာသာရေးကျောင်းအား အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြှိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီ ၅ မိနစ်အတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ခင်း၊ အုတ်နံကပ် နှစ်ထပ်အဆောက်အအုံတစ်လုံး (တန်ဖိုးငွေကျပ် ၄၈ သိန်းခန့်) ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ခရစ်ယာန်ဘာသာရေးကျောင်းအား မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

# ကော့သောင်းမြို့နယ် နမ္မတွန်-ရွာဟောင့်လူ မြေသားလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ကော့သောင်း မတ် ၁၇

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကော့သောင်းမြို့နယ် နမ္မတွန်-ရွာဟောင့်လူ နယ်စပ်ပတ်မြေသားလမ်း ၃၆ မိုင် ၂ ဖာလုံ လမ်းပေါ်တွင် အမာခံလမ်းငါးမိုင်ခင်းခြင်းလုပ်ငန်းအား ၂၀၂၁-၂၀၂၂ ခြောက်လတာဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေကျပ် ၁၈၁ ဒသမ ၆၅၄ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ငွေကြယ်

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ကျောင်းတွင်းစစ် အတန်းပြီးမြောက်မှု စာမေးပွဲများကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆို



**မန္တလေး မတ် ၁၇**

၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်(န၀မတန်း)အထိ ကျောင်းတွင်းစစ် အတန်းပြီးမြောက်မှု စစ်ဆေးခြင်းစာမေးပွဲများကို မတ် ၁၇ ရက်မှစ၍ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်ကျင်းပရာ သက်ဆိုင်ရာစာစစ်ဌာနများတွင် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုကြသည်။

"ကျောင်းတွင်းစစ် အတန်းပြီးမြောက်မှုစာမေးပွဲတွေ သက်ဆိုင်ရာကျောင်းတွေမှာ ဒီနေ့စဖြေကြတယ်။ ကျောင်းသား ကျောင်းသူတွေ အေးချမ်းစွာနဲ့ ဖြေဆိုနေကြတာ တွေ့ရပါတယ်။ စာမေးပွဲဖြေဆိုကြတဲ့ကျောင်းသား ကျောင်းသူတွေ အဆင်မပြေတာတွေ မရှိအောင် ဂရုစိုက်ကြီးကြပ်ဆောင်ရွက်ဖို့ ကျောင်းအုပ်နဲ့ စာမေးပွဲကြီးကြပ်သူတွေကို မှာကြားထားပါတယ်။ ကျောင်းသား ကျောင်းသူတွေအနေနဲ့ စာမေးပွဲကို ပြီးဆုံးသည်အထိ ဖြေဆိုကြဖို့နဲ့ ကျန်းမာရေးကို အထူးဂရုစိုက်ဖို့ပြောကြားလိုပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းအောင်က ပြောသည်။

၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ကျောင်းတွင်းစစ် အတန်းပြီးဆုံးမှု စာမေးပွဲများကို မတ် ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း အလယ်တန်းအဆင့် Grade-9 စာမေးပွဲကို စာစစ်ဌာန ၁၂၀၂ ခု ဖွင့်လှစ်ထားရှိပြီး ဝင်ရောက်ဖြေဆိုသူ ၃၀၀၀၀ ကျော်ရှိကာ မန္တလေးခရိုင်အနေဖြင့် စာစစ်ဌာန ၁၂၂ ခုတွင် ဖြေဆိုသူ ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မောင်အေးချမ်း**

❒ **ကျောဖုံးမှ**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရည်ညွှန်းငွေလဲလှယ်နှုန်းဖြင့် ရောင်းချပေးသည့် နိုင်ငံခြားငွေရရှိမှုအပေါ်အခြေခံ၍ ဒေါ်လာရယူသည့် ကုမ္ပဏီမှ တင်သွင်းလာသည့် ဆီများကို သက်သာသည့်အထူးနှုန်းဖြင့် စားသုံးသူပြည်သူများထံ ဈေးကားများဖြင့် လိုက်လံရောင်းချပေးနေခြင်းဖြစ်သည်။

ဈေးကွက်တွင် စားအုန်းဆီပုံးဆွဲဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀ ဝန်းကျင်ဖြင့် ရောင်းချလျက်ရှိသော်လည်း အထူးနှုန်းဖြင့် ရောင်းချလျက်ရှိသည့် ဈေးကားများတွင် တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ဖြင့် မည်သူမဆို ဝယ်ယူနိုင်ကြောင်း သိရသည်။

"စားအုန်းဆီတင်သွင်းတဲ့ ကုမ္ပဏီတွေကို အကျိုးအမြတ် ပဓာနမထားဘဲ ဈေးကွက်ပေါက်ဈေးအတိုင်း သင့်တင့်မျှတတဲ့ဈေးတစ်ခုဖြစ်ဖို့ မေတ္တာရပ်ခံပြီး ဈေးကွက်ကို အတတ်နိုင်ဆုံး ထိန်းကျောင်းနေပါတယ်။ ကုန်ဈေးနှုန်းတည်ငြိမ်ဖို့၊ သင့်တင့်မျှတတဲ့ဈေးနှုန်းနဲ့ စားသုံးသူပြည်သူတွေ ဝယ်ယူရရှိနိုင်စေဖို့အတွက်လည်း ထိန်းညှိဆောင်ရွက်လျက်ရှိပါတယ်"ဟု မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စားအုန်းဆီဈေးနှုန်းကို ကမ္ဘာ့ပေါက်ဈေးပေါ်မူတည်၍ လိုက်လျောညီထွေသော သင့်တင့်သည့် ဈေးနှုန်းတစ်ခုဖြင့်ရောင်းချရန် မြန်မာနိုင်ငံဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆီလုပ်ငန်းရှင်များသို့ မေတ္တာရပ်ခံထားကြောင်း သိရသည်။

စားအုန်းဆီက ပြည်ပမှတင်သွင်းနေရပြီး ဈေးနှုန်းများ မကြာခဏဖူးကြီးမြင့်လာသည့်အတွက် ပြည်တွင်းဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးမှစ၍ ထုတ်လုပ်မှုကွင်းဆက်တစ်ခုလုံးကို ဖွံ့ဖြိုးတိုးတက်အောင် ရေတိုရေရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**ကိုထက်**

# (၇၇)နှစ်မြောက် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု မြန်မာ့ရိုးရာနွားဒုန်းနှင့် နွားအလှပြိုင်ပွဲကျင်းပ

**ရမည်းသင်း မတ် ၁၇**

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ နွားဒုန်းနှင့် နွားအလှပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆည်ကြီးအုပ်စု ညောင်အိုင်ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာ့ရိုးရာ နွားဒုန်းနှင့် နွားအလှပြိုင်ပွဲကျင်းပရေး ကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် ရပ်မိရပ်ဖတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်ရောက်ကြမည့် အသင်းများက နွားဒုန်းပြိုင်ခြင်း၊ နွားကျောစီးပြိုင်ခြင်းတို့ဖြင့် သရုပ်ပြယှဉ်ပြိုင်ကြသည်။



အဆိုပါပြိုင်ပွဲ၌ နွားဒုန်းပြိုင်ပွဲတွင် ၃၂ ရှဉ်း၊ နွားအလှပြိုင်ပွဲ(အကျော့မောင်း) ပြိုင်ပွဲတွင် အရှဉ်း ၂၀ နှင့် နွားကျောစီးပြိုင်ပွဲတွင် ၁၄ ရှဉ်း စသည်တို့ ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

## သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၁၇**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **“အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့”** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံး ထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**




## ကြေးမုံစာအုပ်စင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။

(စာတည်း)

# မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၁၄) စာအုပ် ထုတ်ဝေဖြန့်ချိ

**နေပြည်တော် မတ် ၁၇**

ဗိုလ်မှူးကြီးဟောင်း လှမင်း ရေးသားသည့် “မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၁၄)” စာအုပ်ကို စာပေဗိမာန်က ထုတ်ဝေလိုက်သည်။

ယင်းစာအုပ်ကို စာရေးသူက ဖြည့်စွက်တည်းဖြတ်လျက် မိမိအစီအစဉ်ဖြင့် (၆)ကြိမ်မြောက် ထုတ်ဝေခဲ့ပြီး စာပေဗိမာန်က (၇)ကြိမ်မြောက်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။

စာရေးသူက မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပေါ်ခဲ့သော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ရင်ဆိုင်နေရသော ပြဿနာများကို မတူညီသော ရှုထောင့်မှ ရှုမြင်နိုင်စေရန် ရည်ရွယ်ရေးသားထားသည်။ “မြန်မာ့နိုင်ငံရေး လက်ရှိအခြေအနေနှင့် ကျွန်တော့်အမြင် (၁၉၈၈-၂၀၁၄)” စာအုပ်တွင် မြန်မာနိုင်ငံ၏ ပထဝီအနေအထား၊ လွတ်လပ်ရေးမတိုင်မီကာလ၊ လွတ်လပ်ရေးရပြီးကာလ၊ မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ မြန်မာနိုင်ငံ၏ ကမ္ဘာ့အခြေခံလူ့အခွင့်အရေးများ၊ နိုင်ငံတော်တာဝန်ကို တပ်မတော်အစိုးရတာဝန်ယူစဉ်ကာလအတွင်း ဖြစ်ပေါ်ပြောင်းလဲမှု၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ရေးဆွဲခြင်း၊ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲနေသော မြန်မာနိုင်ငံ၊ နိုင်ငံတော်၏ ရှေ့သွားမည့်မူဝါဒလမ်းစဉ်၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ပြောင်းလဲမှု၊ နိုင်ငံတည်ဆောက်မှုတွင် ဖွံ့ဖြိုးတိုးတက်မှုများကို စာရေးသူက တင်ပြရေးသားထားသည်။

ထို့ပြင် မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးကြိုးပမ်းမှု၊ အမျိုးသားရေးပြဿနာတစ်ခုဖြစ်နေသော လူကုန်ကူးမှုကို တိုက်ဖျက်ခြင်း၊ ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းများကိုလည်း လေ့လာတင်ပြထားသည်။ နိုင်ငံတကာက မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များ၊ စီးပွားရေးပိတ်ဆို့မှုများနှင့် ရင်ဆိုင်နေရသည့် ပြဿနာများကိုလည်း စာရေးသူအမြင်ဖြင့် သုံးသပ်တင်ပြထားပါသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိပါသည်။ ယင်းအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် ပြည်သူအများက မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အတိတ်၊ ပစ္စုပ္ပန်အခြေအနေများကို လေ့လာသိရှိလျက် အနာဂတ်ကို ကြိုတင်ရှုမြင်နိုင်ရန်အတွက် ဤစာအုပ်ကို ထုတ်ဝေခြင်းဖြစ်သည်။

စာအုပ်တွင် စာမျက်နှာ (၂၄၅) မျက်နှာပါဝင်ပြီး တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ရန်ကုန်မြို့ အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# ၂၀၂၂ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် မတ် ၁၇**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။

နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “ကလေးတိုင်းအတွက် လှပသောအနာဂတ်ဖန်တီးရေး” မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်




(မတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဟိန်းလတ်၊ တာရာဝင့်ထွန်းတို့၏ “ကလေးတိုင်းအတွက် လှပသောအနာဂတ်ဖန်တီးရေး” မျက်နှာဖုံးဆောင်းပါးများ၊ ကောင်းသန့်၊ နေညိုယဉ်၊ နေသူရိန်၊ မောင်ဒီပ (ပညာရေး)၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ညီမော်သိမ်း၊ ပါမောက္ခကိုကိုအောင်၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)၊ K. M. A တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်ပေါ်ထွန်း၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ မြသိန်း၊ လင်းဟိန်းဦးတို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ ဦးစိုင်းကျော်သူ၊ စောနိုင် (အသုံးချဘောဂဗေဒ)တို့၏ ရွေးကောက်ပွဲနှင့် စီးပွားရေးဆိုင်ရာ ဆောင်းပါးများ၊ ထက်ဝေအောင်(စစ်ကိုင်း)၊ ဒေါက်တာမြင့်သန်းတို့၏ မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ လဲ့လဲ့ဝင်း (သတ္တဗေဒ)၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာ ဆောင်းပါး၊ ဦးဘသန်း(မဟာဝိဇ္ဇာ)၊ စိုးစိုး(ပန်းတောင်း)၊ ဆောင်းဝင်းလတ်၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဇာဇာရွှေရည်၊ မော်(သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီး၌ တည်ဆောက်ပေးခဲ့သော ဝန်ထမ်းအိမ်ရာနှင့် အငှားအရောင်းပြည်သူ့အိမ်ရာများ

ခရမ်းစိုးမြင့်

စစ်ကိုင်းတိုင်းဒေသကြီးသည် မြန်မာနိုင်ငံတွင် အကျယ်ဝန်းဆုံးတိုင်းဒေသကြီးဖြစ်သည်။ သစ်တော၊ သယံဇာတပြည့်စုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်သော ဒေသဖြစ်ပြီး ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများ ပေါများရာဒေသလည်း ဖြစ်သည်။

တိုင်းဒေသကြီးအတွင်း မှီတင်းနေထိုင်ကြသော ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် နေရေးအဆင်ပြေစေရန် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ၁၉၅၁ ခုနှစ်မှစတင်၍ ရွှေဘိုမြို့တွင် တစ်ထပ်ပြည်သူ့အိမ်ရာအဆောက်အအုံ ၁၉၉ လုံး ဆောက်လုပ်ခြင်းဖြင့် ပထမဆုံးအိမ်ရာကဏ္ဍ စတင်ခဲ့သည်။ ၎င်းနောက် စစ်ကိုင်းမြို့တွင် ခြောက်ခန်းတွဲ နှစ်ထပ် ဝန်ထမ်းအိမ်ရာကို ၁၉၆၄ ခုနှစ်မှ စတင်ဆောက်လုပ်၍ နိုင်ငံ့ဝန်ထမ်းများ၏ နေရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်း**

တိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် ဝန်ထမ်းအိမ်ရာတည်ဆောက်ထားရှိမှု အခြေအနေမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၇၁ ဒသမ ၄၀၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ သုံးလုံး၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၈၄၂ ဒသမ ၃၀၀၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ သုံးလုံး၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၃၅၉၁ ဒသမ ၇၇၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁၄ လုံးနှင့် ပြည်ထောင်စုအစိုးရခွင့်ပြုရန်ပုံငွေကျပ် ၆၄၂ ဒသမ ၁၀၃ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ သုံးလုံး၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၁၃၅ ဒသမ ၆၂၈ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၃၉ လုံး၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၁၀၇၀ ဒသမ ၂၁၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၄၈ လုံး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၅၇၈ ဒသမ ၇၅၄ သန်းဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၂၆ လုံး၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၂၃၉ ဒသမ ၅၀၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ အလုံး ၂၀ ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၇၅၇ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၁၇ လုံး၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၄၉၁၉ ဒသမ ၅၂၅ သန်းဖြင့် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ၁၂ လုံးအပါအဝင် ဘဏ္ဍာနှစ် ကိုးနှစ်အတွင်း ဝန်ထမ်းအိမ်ရာ အဆောက်အအုံ စုစုပေါင်း ၁၈၅ လုံး ဆောက်လုပ်ခဲ့ပြီးဖြစ်သည်။



မုံရွာမြို့မှ ဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများနေရေး အဆင်ပြေ၍ နိုင်ငံ့တာဝန်များကို စိတ်အေးချမ်းသာစွာ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ တိုင်းဒေသကြီးအတွင်း မြို့ပေါင်း ၄၂ မြို့တွင် ဝန်ထမ်းအိမ်ရာအဆောက် အအုံ စုစုပေါင်း အလုံး ၂၃၀ အခန်းပေါင်း ၃၁၂၆ ခန်း ကို ဆောက်လုပ်၍ စီမံခန့်ခွဲလျက်ရှိသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ ဆောက်လုပ်ပြီး အိမ်ရာများကို အခြေခံ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ပေးပို့လာသော အိမ်ရာစစ်တမ်းများအရ စိစစ်ရာတွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ဆောက်လုပ်ပြီးအိမ်ခန်းပေါင်း ၃၁၂၆ ခန်း၊ အခြားဌာနများမှ ဆောက်လုပ်ပြီးအခန်းပေါင်း ၁၂၀၀၇ ခန်း စုစုပေါင်း ၁၅၁၃၃ ခန့်ရှိပြီး တိုင်းဒေသကြီး အတွင်းရှိ ဝန်ထမ်းဦးရေမှာ ၁၀၅၄၇၄ ဦးခန့်ရှိသည်။ အဆိုပါလိုအပ်ချက်များကို နှစ်စဉ် ဦးစားပေးကဏ္ဍအလိုက် နှစ်တိုနှစ်ရှည်စီမံကိန်းများ ချမှတ်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်း၍ ဘဏ္ဍာငွေတောင်းခံကာ ဝန်ထမ်းအိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

ဝန်ထမ်းအိမ်ရာစခန်းများတွင် နိုင်ငံ့ဝန်ထမ်းများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန်အတွက် အိမ်ရာစခန်းအား ဥပဓိရုပ်ကောင်းမွန်အောင် ဆောင်ရွက်ထားရှိရာ ဝင်းခြံစည်းရိုး၊ ဂိတ်တံခါး၊ ရေနုတ်မြောင်း၊ မြောင်းကူးတံတားများ ထည့်သွင်းတည်ဆောက်ထားရုံမျှသာမက ကျန်းမာရေးအထောက်အကူပြု အားကစားလေ့ကျင့်ရေးပစ္စည်းများ၊ ဓမ္မာရုံနှင့် ပန်းခြံများကိုလည်း ထည့်သွင်းဆောက်လုပ်ထားပြီးဖြစ်သည်။

ထို့အပြင် တိုင်းဒေသကြီးရုံးစိုက်ရာ မုံရွာမြို့ နန္ဒဝန် ဝန်ထမ်းအိမ်ရာတွင် အဆောက်အအုံ ၃၅ လုံး အခန်းပေါင်း ၇၁၂ ခန်းရှိပြီး သောက်ရေသန့် အဆင်ပြေလွယ်ကူစွာ သုံးစွဲနိုင်ရေးအတွက် ရေသန့်စက်တစ်လုံးလျှင် တစ်နာရီ လီတာ ၂၀ ဘူး ၁၅ ဘူး ခန့်ဖြင့် တစ်နာရီ လီတာ ၃၀၀ ထွက်ရှိသည့် ရေသန့်စက်သုံးလုံးကိုပါ ၈.၂.၂၀၂၂ ရက်နေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းခဲ့သဖြင့် ယခုအခါ ဝန်ထမ်းများ သောက်သုံးရေပြည့်ဝစွာသုံးစွဲခွင့်ရရှိနေပြီဖြစ်သည်။

**ပြည်သူ့အငှားအိမ်ရာများတည်ဆောက်ခြင်း**

နိုင်ငံတစ်ဝန်း လူထုလူတန်းစားမရွေး နေထိုင်ရေးအဆင်ပြေနိုင်စေရန် ရည်ရွယ်၍ ဆောက်လုပ်ဆောင်ရွက်ခဲ့သော ပြည်သူ့အငှားအိမ်ရာများကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုအရ ကိုယ်ပိုင်အိမ်မရှိသော (အငြိမ်းစားဝန်ထမ်းများ၊ လုပ်သက်(၂၅)နှစ်အထက် ဝန်ထမ်းများ၊ ဝင်ငွေနည်းပြည်သူများ) နေရေးအခက်အခဲ အဆင်ပြေစေရေးအတွက် တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ တိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ ၁၂ ခန်းတွဲ ငါးထပ် နှစ်လုံး အခန်းပေါင်း ၁၂၀၊ ရွှေဘိုမြို့၌ ၁၂ ခန်းတွဲ ငါးထပ် နှစ်လုံး အခန်းပေါင်း ၁၂၀ ကို လည်းကောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ ၁၂ ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၄၈ ခန်း၊ စစ်ကိုင်းမြို့ ၌ ၁၂ ခန်းတွဲ လေးထပ် နှစ်လုံး အခန်းပေါင်း ၉၆ ခန်း၊ ကသာမြို့၌ ၁၂ ခန်းတွဲ လေးထပ် နှစ်လုံး အခန်းပေါင်း ၉၆ ခန်းကို လည်းကောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ ရှစ်ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၃၂ ခန်း၊ ရွှေဘိုမြို့၌ ၁၂ ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၄၈ ခန်း၊ စစ်ကိုင်း မြို့၌ ၁၂ ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၄၈ ခန်း၊ ကလေးမြို့၌ ရှစ်ခန်းတွဲ လေးထပ် နှစ်လုံး အခန်းပေါင်း ၆၄ ခန်းကို လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မုံရွာမြို့၌ ရှစ်ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၃၂ ခန်း၊ စစ်ကိုင်းမြို့၌ ခြောက်ခန်းတွဲ ငါးထပ် တစ်လုံး အခန်းပေါင်း ၃၀၊ ကသာမြို့၌ ရှစ်ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၃၂ ခန်း၊ ကလေးမြို့၌ ၁၂ ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၄၈ ခန်း၊ တမူးမြို့၌ ၁၂ ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၄၈ ခန်းကို လည်းကောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ရွှေဘိုမြို့၌ ၁၂ ခန်းတွဲ လေးထပ် တစ်လုံး အခန်းပေါင်း ၄၈ ခန်း၊ တမူးမြို့၌ ၁၂ ခန်းတွဲ လေးထပ်တစ်လုံး အခန်းပေါင်း ၄၈ ခန်း၊ ကန့်ဘလူမြို့၌ ၁၂ ခန်းတွဲ လေးထပ်တစ်လုံး အခန်းပေါင်း ၄၈ ခန်းဖြင့် အဆောက်အအုံ စုစုပေါင်း ၂၂ လုံး အခန်းပေါင်း ၁၀၀၆ ခန်းကို ဘဏ္ဍာနှစ် ငါးနှစ်အတွင်း မြို့ပေါင်း ခုနစ်မြို့တွင် ဆောက်လုပ်ပြီးစီးခဲ့သည်။

**တန်ဖိုးမျှတအရောင်းအိမ်ရာများ တည်ဆောက်ခြင်း**

လူတန်းစားမရွေး ဝယ်ယူနေထိုင်နိုင်ရန် အတွက်ရည်ရွယ်၍ တိုင်းဒေသကြီးရုံးစိုက်ရာ မုံရွာမြို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ ပုဂ္ဂလိက ဆောက်လုပ်ရေးကုမ္ပဏီ လေးခုတို့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော နန္ဒဝန်တန်ဖိုးမျှတ အရောင်းအိမ်ရာ အပိုင်း(၁)တွင် ရှစ်ခန်းတွဲ ငါးထပ်

စာမျက်နှာ ၁၉ သို့ ❖



ရွှေဘိုမြို့မှ ဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။

> “ဝန်ထမ်းအိမ်ရာစခန်းများတွင် နိုင်ငံ့ဝန်ထမ်းများ လုံခြုံစိတ်ချစွာ နေထိုင်နိုင်ရန်အတွက် အိမ်ရာစခန်းအား ဥပဓိရုပ်ကောင်းမွန်အောင် ဆောင်ရွက်ထားရှိရာ ဝင်းခြံစည်းရိုး၊ ဂိတ်တံခါး၊ ရေနုတ်မြောင်း၊ မြောင်းကူးတံတားများ ထည့်သွင်းတည်ဆောက်ထားရုံမျှသာမက ကျန်းမာရေးအထောက်အကူပြု အားကစားလေ့ကျင့်ရေးပစ္စည်းများ၊ ဓမ္မာရုံနှင့် ပန်းခြံများကိုလည်း ထည့်သွင်းဆောက်လုပ်ထားပြီးဖြစ်”

# ဘားအံမြို့နယ် ကမ်းကြီးကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် မုက္ကဒိ-ကမ်းကြီးကျေးရွာ ကုန်ထုတ်လမ်း ဖွင့်လှစ်



ဘားအံ  မတ်  ၁၇

ဘားအံမြို့နယ် ကမ်းကြီးကျေးရွာအဝင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် မုက္ကဒိ-ကမ်းကြီးကျေးရွာ ကုန်ထုတ်လမ်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းများ တည်နေရာ၌ ကျင်းပသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် မုက္ကဒိကျေးရွာအုပ်ချုပ်ရေးမှူးတို့က မုက္ကဒိ-ကမ်းကြီးကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကမ်းကြီးကျေးရွာအဝင်ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး လမ်းအား ကြည့်ရှုစစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် ကမ်းကြီးကျေးရွာအဝင်ကွန်ကရစ်လမ်းသစ်ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၄ သန်းဖြင့် လမ်းအရှည် ပေ ၃၅၀၀၊ အကျယ် ၁၂ ပေ၊ ဒုခြောက်လက်မရှိ ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မုက္ကဒိ-ကမ်းကြီးကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လဘတ်ဂျက်တွင် ပြည်ထောင်စုရန်ပုံငွေနှင့် ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် ၆၁ ဒသမ ၉၃၃ သန်းဖြင့် လမ်းအရှည် ၂ မိုင် ၄ ဖာလုံအား ဂဝံဒု ကိုးလက်မဖြင့် အဆင့်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အဆိုပါကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား ပေ ၃၀ တစ်စင်း၊ ပေ ၂၀ တစ်စင်းနှင့် Box Culvert နှစ်စင်းတို့ကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၁၇၃ ဒသမ ၂ သန်းဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့်အပြင် မုက္ကဒိကျေးရွာကုန်ထုတ်လမ်းအရှည် ငါးဖာလုံနှင့် Box Culvert သုံးစင်းတို့ကို ပြည်ထောင်စုရန်ပုံငွေကျပ် ၅၇ ဒသမ ၈ သန်းဖြင့် ထပ်မံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

ရန်ကုန်  မတ်  ၁၇

သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းလည်ပတ်စေနိုင်ရန်နှင့် စားသုံးသူအသင်းသားပြည်သူများသို့ အခြေခံစားကုန်များ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန်ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ကျောက်တန်းမြို့နယ် သမဝါယမအသင်းစုနှင့် ဆန်ကုန်စည်ဒိုင်တို့က ပေါ်ဆန်း(ကြားပျံ) ၂၄ ပြည်ပါအိတ် ၃၀၀ နှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့်ပိဿာချိန် ၂၅၀၀ တို့ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်း ဖွင့်လှစ်ပို့ချ




ပွင့်ဖြူ  မတ်  ၁၇

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံငါးမွေးတောင်သူများ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်နှင့်အညီ ငါးမွေးမြူရေးနည်းပညာများရရှိစေရန်နှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှူး၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနက ယနေ့တွင် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကန်ပြည့်ကျေးရွာ၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းကို ဖွင့်လှစ်သည်။

**မေးမြန်းဆွေးနွေး**

အဆိုပါသင်တန်းသို့ မင်းဘူးခရိုင်တာဝန်ခံ ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်း၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်တို့က လက်ကမ်းစာစောင်များနှင့် သင်တန်းအထောက်အကူပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းပို့ချဆောင်ရွက်ခဲ့သည်။ ကန်ပြည့်ကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



မြောင်မြို့မှ ဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။



ဝက်လက်မြို့မှ ဝန်ထမ်းအိမ်ရာကို တွေ့ရစဉ်။

❖ စာမျက်နှာ ၁၈ မှ

အဆောက်အအုံ ရှစ်လုံး အခန်းပေါင်း ၃၂၀ ဆောက်လုပ်ခဲ့ပြီး ယခုအခါ အခန်းပေါင်း ၁၃၆ ခန်းအထိ ရောင်းချခဲ့ပြီးဖြစ်သည်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) နေပြည်တော်မှ လှည့်ပတ်ရန်ပုံငွေ (RF)ဖြင့် တည်ဆောက်ခဲ့သော နန္ဒဝန်တန်ဖိုးမျှတ အရောင်းအိမ်ရာအပိုင်း(၂)တွင် ရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၁ လုံး အခန်းပေါင်း ၄၄၀ ဆောက်လုပ်ခဲ့ကာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့က တိုက်ကိုးလုံး အခန်းပေါင်း ၃၆၀ ဝယ်ယူခဲ့ပြီး ပြင်ပပုဂ္ဂလိကများသို့ ရှစ်ခန်းရောင်းချခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့ရွာများ ဟန်ချက်ညီညီ စဉ်ဆက်မပြတ် ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေနိုင်မည့် မြို့ပြစနစ် ပေါ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ခန္တီး၊ စစ်ကိုင်း၊ ကျောက်မြောင်း၊ တမူး၊ ကလေး၊ ဟုမ္မလင်း၊ မုံရွာ၊ လဟယ်၊ ရေဦး၊ ကသာ၊ အင်းတော်၊ ဗန်းမောက်၊ မော်လူး၊ ကောလင်း၊ ကန့်ဘလူမြို့တို့တွင် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းများကို နှစ်စဉ်ရေးဆွဲဆောင်ရွက်ခဲ့ရာတွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အထိ မြို့ပေါင်း ၁၅ မြို့အား ရေးဆွဲခဲ့ပြီးဖြစ်သည်။

တိုင်းဒေသကြီးအစိုးရ၏ လိုအပ်ချက်အရ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ဆားတောင်စသော မြို့ခြောက်မြို့ကိုလည်း မြို့ပြစီမံကိန်းများ ဆက်လက်ရေးဆွဲနိုင်ရေး ဆောင်ရွက်ရန်လျာထားဆောင်ရွက်လျက်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၄၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ၄၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၁၅၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၄၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၄၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၇,၄၅၅,၃၆၈) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၀၇,၈၄၄) ဦးရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇၈၀) ဦးဖြစ်သဖြင့် ယနေ့အထိစုစုပေါင်း (၅၆၁,၆၆၇) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၁၈) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/ သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှု ခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို ၅ ဆအထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို ၁၀ ဆအထက်၊ ရောဂါကြောင့်သေဆုံးရမှုကို ၁၀ ဆအထက် လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက်ထိုးနှံမှု ခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ ကျောင်းသားများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၇-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၃၁) ခု | (၈၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင်GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၅) ခု | (၈) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၂) ခု | (၇) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၅) ခု | (၁၄) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၆၅၉) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂,၀၁၄) ခု | (၁၀၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၃၇၉) ခု | (၂၀၂) ဦး |
| စုစုပေါင်း | (၁၈,၁၅၅) ခု | (၄၄၅) ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၂၈၉၆၀၂ | ၅၆၆၃၁၁၁၇ | ၉၉၄၇၃၉ |
| ၂။ | အိန္ဒိယ | ၄၃၀၀၁၄၇၇ | ၄၂၄၅၄၅၄၆ | ၅၁၆၁၆၂ |
| ၃။ | ဘရာဇီး | ၂၉၄၇၈၀၃၉ | ၂၈၀၆၃၇၆၀ | ၆၅၆၀၀၃ |
| ၄။ | ပြင်သစ် | ၂၃၇၅၈၄၄၇ | ၂၂၃၉၄၃၅၈ | ၁၄၀၆၁၃ |
| ၅။ | ဗြိတိန် | ၁၉၉၃၁၁၅၅ | ၁၈၄၇၃၉၇၀ | ၁၆၃၂၄၈ |
| ၆။ | ဂျာမနီ | ၁၇၈၄၃၅၄၅ | ၁၄၁၄၂၅၀၀ | ၁၂၆၈၃၀ |
| ၇။ | ရုရှား | ၁၇၄၈၄၂၅၇ | ၁၅၉၃၄၆၄၅ | ၃၆၃၀၃၉ |
| ၈။ | တူရကီ | ၁၄၆၂၃၀၂၈ | ၁၄၂၄၅၈၀၉ | ၉၆၈၅၃ |
| ၉။ | အီတလီ | ၁၃၅၆၃၄၆၆ | ၁၂၃၅၁၉၈၅ | ၁၅၇၃၁၄ |
| ၁၀။ | စပိန် | ၁၁၂၆၀၀၄၀ | ၁၀၅၀၂၇၈၄ | ၁၀၁၄၁၆ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၆၈၂၀၄၅၈ | ၃၅၄၇၄၈၈ | ၄၁၆၀၇ |
| ၂။ | အင်ဒိုနီးရှား | ၅၉၃၉၀၈၂ | ၅၅၂၃၉၃ | ၁၅၃၂၁၂ |
| ၃။ | မလေးရှား | ၃၉၀၀၄၃၃ | ၃၅၆၇၀၀၃ | ၃၄၀၉၉ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၂၆၆၁ | ၃၅၆၉၃၈၇ | ၅၇၈၈၀ |
| ၅။ | ထိုင်း | ၃၂၇၆၀၉၈ | ၃၀၂၆၉၆၉ | ၂၃၉၉၈ |
| ၆။ | စင်ကာပူ | ၉၇၅၆၀၇ | ၉၃၂၁၀၇ | ၁၁၇၀ |
| ၇။ | မြန်မာ | ၆၀၇၈၄၄ | ၅၆၁၆၆၇ | ၁၉၄၁၈ |
| ၈။ | လာအို | ၁၄၉၁၃၁ | ၁၄၇၁၃၉ | ၆၄၃ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၄၆၂၄ | ၁၃၀၄၀၇ | ၃၀၄၉ |
| ၁၀။ | ဘရူနိုင်း | ၁၂၀၆၀၀ | ၁၀၀၀၄၈ | ၁၇၇ |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့်ဆေးပစ္စည်းများ စစ်ဆေးထုတ်ပေး

နေပြည်တော် မတ် ၁၇

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကုမ္ပဏီနှစ်ခုမှ Molnaflu Capsule အခု ၁၀၀၀၊ Lief-C Effer Vescent Tablet ၄၈၁၅ ခု၊ Immugold Effer Vescent Tablet အခု ၅၀၀၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Urine Bag အခု ၁၀၇၅၀၊ Ultrasound Gel ၄၆၇ ခု၊ Patient Monitor ၁၄၄ ခု၊ Medical Air Compressor အခု ၂၀၊ Oxygen Mask အခု ၂၅၀၀၀၊ Surgical Glove အခု ၉၆၀၀၊ Electrocardiograph ၁၀ ခု၊ Oxygen Nasal Cannula အခု ၃၅၀၀၀၊ ဆေးဝါးမျိုးစုံ ၄၈ မျိုး စုစုပေါင်း ၁၁၆၇၄၀ ဒသမ ၄၇ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်) ၌ ကုမ္ပဏီ နှစ်ခုမှ Disposable Cap ၃၄၃၀ ကီလိုဂရမ်၊ Surgical Gown ၄၅၂၇ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရပ်စောက်မြို့နယ် ရွှေချင်းစိမ်းမျိုးစေ့ထုတ်သမဝါယမအသင်းက မျိုးကောင်းမျိုးသန့်ချင်း(ဂျင်း) များ စိုက်ပျိုးထုတ်လုပ်

ရပ်စောက် မတ် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ် အလည်ချောင်းကျေးရွာအုပ်စု တောယားကျေးရွာရှိ ရွှေချင်းစိမ်းမျိုးစေ့ထုတ် သမဝါယမအသင်းမှ သမဝါယမအသင်းသားပိုင်ယာမြေ ၅၄ ဧကပေါ်တွင် အရည်အသွေး ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်ချင်း(ဂျင်း)များ စိုက်ပျိုးထားရှိပြီး တစ်ဧကလျှင် ချင်း ပိဿာချိန် ၂၅၀၀ မှ ၃၀၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံဆုကို ကာကွယ်နိုင်မယ့်အခွင့်အရေး ဂျိုကိုဗစ် ရရှိတော့မည်

ဆားဘီးယားတင်းနစ်အကျော်အမော် ဂျိုကိုဗစ်ဟာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရသေးခြင်း မရှိပေမယ့် ပြင်သစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်တွေ ဖြေလျှော့ပေးခဲ့တဲ့အတွက် လာမယ့်မေလအတွင်း ကျင်းပဖို့စီစဉ်ထားတဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကစားခွင့်ရရှိမှာ ဖြစ်တာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ချန်ပီယံဆုကို ကာကွယ်နိုင်မယ့် အခွင့်အရေးရရှိတော့မှာ ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံဟာ ဆေးရုံတွေ၊ ဘိုးဘွားရိပ်သာတွေကလွဲပြီး အများပြည်သူစုဝေးရာနေရာအများစုမှာ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကန့်သတ်ချက်တွေ ဖြေလျှော့ပေးခဲ့ပြီဖြစ်တာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲကိုလည်း ပရိသတ်အပြည့်နဲ့ ကျင်းပခွင့်ပြုဖို့ရှိနေတာ ဖြစ်ပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ ဂျိုကိုဗစ်ဟာ လက်ရှိမှာ ဂရန်းဆလမ်းချန်ပီယံဆုဖလားကို အကြိမ် ၂၀ အထိရရှိထားတာဖြစ်ပြီး ဇန်နဝါရီလအတွင်းက ကျင်းပခဲ့တဲ့ ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးမထိုးနှံရသေးတာကြောင့် ပါဝင်ယှဉ်ပြိုင်ကစားခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။

ဒါ့ပြင် ဂျိုကိုဗစ်ဟာ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း လက်မှတ်မပြသနိုင်ခဲ့လို့ အမေရိကန်နိုင်ငံက နိုင်ငံအတွင်း ဝင်ရောက်ခွင့်မပြုခဲ့တာကြောင့် ယခုလအတွင်း ကျင်းပခဲ့တဲ့ အင်ဒီယန်ဝဲလ်နဲ့ မီယာမီ တင်းနစ်ပြိုင်ပွဲတွေနဲ့လည်း လွဲချော်ခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် လက်ရှိအချိန်မှာ ပြင်သစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းချက်တွေ ဖြေလျှော့ပေးခဲ့တဲ့အတွက် မေ ၂၂ ရက်မှာ ကျင်းပဖို့ စီစဉ်ထားတဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဂျိုကိုဗစ်အနေနဲ့ ပါဝင်ယှဉ်ပြိုင် ကစားခွင့်ရရှိဖို့ရှိနေတာ ဖြစ်ပါတယ်။



# ၁၇ နှစ်တာကာလအတွင်း ဆုဖလားလက်မဲ့ရာသီနဲ့ ပထမဆုံးအကြိမ် ကြုံတွေ့ရတော့မယ့် စီရိုနယ်လ်ဒို



ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းကို ရှုံးနိမ့်ကာ ချန်ပီယံလိဂ်ပြိုင်ပွဲကနေ မန်ယူအသင်း ထွက်ခဲ့ရပြီးနောက် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ၁၇ နှစ်တာကာလအတွင်း ဆုဖလားလက်မဲ့ရာသီနဲ့ ပထမဆုံးအကြိမ် ကြုံတွေ့ရတော့မှာ ဖြစ်ပါတယ်။

ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုဟာ ၂၀၀၅ ခုနှစ်ကတည်းက ကလပ်အသင်းအဆင့်မှာ ဆုဖလားကို ဘောလုံးရာသီတိုင်း ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ပြီးခဲ့တဲ့နွေရာသီ အပြောင်းအရွှေ့ကာလအတွင်းက အီတလီစီးရီးအေကလပ် ဂျူဗင်တပ်အသင်းကနေ မန်ယူအသင်းဆီ ပြောင်းရွှေ့လာခဲ့တာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ အခုဘောလုံးရာသီမှာ ဆုဖလားရရှိဖို့ မဖြစ်နိုင်တော့တာကြောင့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုရဲ့ကစားခဲ့တဲ့ အသင်းတိုင်းနဲ့ ဆုဖလား ဆက်တိုက် ရရှိခဲ့တဲ့ စံချိန် အဆုံးသတ်ရတော့မှာ ဖြစ်ပါတယ်။ မန်ယူအသင်းဟာ လက်ရှိ ပရီမီယာလိဂ် ပြိုင်ပွဲမှာ ပွဲစဉ် ၂၉ အပြီးမှာ ရမှတ် ၅၀ နဲ့ အဆင့် ၅ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

# ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်တက်လှမ်း

ချန်ပီယံလိဂ်ပြိုင်ပွဲရဲ့ လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်မှာ လိုင်လီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့မှာ နှစ်ဂိုးပြတ်နဲ့ လိုင်လီအသင်းကို အနိုင်ရရှိထားပြီး မတ် ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့မှာ နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် ချယ်လ်ဆီးအသင်းဟာ ချန်ပီယံလိဂ်ဆုဖလားကို နှစ်ရာသီဆက်တိုက် ဆွတ်ခူးနိုင်မယ့် အခွင့်အရေးတစ်ရပ်ရရှိနေပြီး အသင်းရဲ့ကွင်းလယ်ကစားသမား ပူလီဆစ်ကတော့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် နှစ်ကျော့စလုံးမှာ ဂိုးသွင်းနိုင်ခဲ့တဲ့ ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

# ၂၀၀၈-၂၀၀၉ နောက်ပိုင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမဆုံးတက်လှမ်းခွင့်ရရှိခဲ့တဲ့ ဗီလာရီးယဲလ်အသင်း

ဗီလာရီးယဲလ်အသင်းဟာ ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ပွဲစဉ်မှာ ဂျူဗင်တပ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ်တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ဗီလာရီးယဲလ်အသင်းဟာ ပထမအကျော့မှာ ဂျူဗင်တပ်အသင်းနဲ့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့ပြီး မတ် ၁၆ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဒုတိယအကျော့မှာ သုံးဂိုးပြတ် အနိုင်ရရှိခဲ့တာကြောင့် ဗီလာရီးယဲလ်အသင်းက ဂျူဗင်တပ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ကို တက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်-ရေးသားသည်

# ဂျိုရှူယာအနေနဲ့ အော့တိုဝယ်လင်နဲ့ ယှဉ်ပြိုင်ထိုးသတ်သင့်ဟု ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲစီစဉ်သူ ပြောကြား

ဗြိတိန်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား ဂျိုရှူယာအနေနဲ့ ယူကရိန်းလက်ဝှေ့ကျော် အိုလက်ဆန်းဒါးယူဆစ်နဲ့ မကျေပွဲယှဉ်ပြိုင်ထိုးသတ်မယ့် လက်ဝှေ့ပွဲစဉ်နှောင့်နှေးကြန့်ကြာနေမယ်ဆိုရင် ဆွီဒင်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား အော့တိုဝယ်လင်နဲ့ ယှဉ်ပြိုင်ထိုးသတ်သင့်တယ်လို့ ဆွီဒင်နိုင်ငံရဲ့ ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲစီစဉ်သူ ဒီမီထရီဆာလီတာက ပြောကြားခဲ့ပါတယ်။

အိုလက်ဆန်းဒါးယူဆစ်နဲ့ ဂျိုရှူယာတို့ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက ယှဉ်ပြိုင်ထိုးသတ်ခဲ့တဲ့ ကမ္ဘာ့ဟဲဗီးဝိတ်တန်းခါးပတ်လုပွဲမှာ အိုလက်ဆန်းဒါးယူဆစ်က ဂျိုရှူယာကို အနိုင်ရပြီး အိုင်ဘီအက်ဖ်၊ ဒဗလျူဘီအေ၊ ဒဗလျူဘီအိုနဲ့ အိုင်ဘီအို ခါးပတ်တွေကို သိမ်းပိုက်သွားခဲ့တာဖြစ်ပါတယ်။

အဲဒါကြောင့် ဂျိုရှူယာဟာ အိုလက်ဆန်းဒါးယူဆစ်နဲ့ မကျေပွဲယှဉ်ပြိုင်ထိုးသတ်ဖို့ ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် အိုလက်ဆန်းဒါးယူဆစ်ဟာ ယူကရိန်းနိုင်ငံကို ပြန်သွားခဲ့တာကြောင့် ဂျိုရှူယာနဲ့ ယှဉ်ပြိုင်ထိုးသတ်မယ့် မကျေပွဲဟာ ထိုးသတ်ဖို့ မသေချာသေးတာကြောင့် ဂျိုရှူယာအနေနဲ့ အခြားသောပြိုင်ဘက်တစ်ဦးဖြစ်တဲ့ ဆွီဒင်ပရော်ဖက်ရှင်နယ် လက်ဝှေ့သမား အော့တိုဝယ်လင်နဲ့ ယှဉ်ပြိုင်ထိုးသတ်သင့်တယ်လို့ ဆွီဒင်နိုင်ငံရဲ့ ဟဲဗီးဝိတ်လက်ဝှေ့ပြိုင်ပွဲ စီစဉ်သူက အကြံပြုခဲ့တာလည်း ဖြစ်ပါတယ်။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

**ယမန်နေ့မှအဆက်**

"အင်း၊ မင်းအသက်အရွယ်နဲ့စာရင် မင်းစကားတွေက မြင့်မားလှချေကလား။ မင်းရဲ့ အသက်အရွယ်နဲ့ဆိုရင် တက္ကသိုလ်လိုနေရာမျိုးမှာ ပညာဆက်သင်နိုင်သေးတယ်။ အဲဒီလို သင်ချင်တဲ့ ဆန္ဒမျိုးမရှိဘူးလား"

"အရီ့အဖို့ အခုမှတော့ မထူးတော့ပါဘူးအစ်မကြီးရယ်။ အရီ အငြိမ့်က ထွက်လို့မဖြစ်ပါဘူး။ အရီထွက်ရင် အငြိမ့်အဖွဲ့ပျက်မှာပဲ။ တစ်ဆက်တည်းမှာလည်း အဖွဲ့သားတွေရဲ့ စားဝတ်နေရေးတွေ ကမောက်ကမဖြစ်ကုန်မှာပဲ"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ အကြည့်သည် ပို၍စူးစိုက်လာသည်။ သို့ရာတွင် အကြည့်မှာ ရီဝေနေသလိုဖြစ်သည်။ ကြည့်ကားကြည့်၏ မမြင်ဆိုသည်မျိုး။

"အင်း၊ လိမ္မာလိုက်တဲ့ကလေးမ။ ငါ့သမီးလေးသာ ဖြစ်လိုက်ပါတော့လားဟယ်။ ငါ့သမီးလေးသာ ဖြစ်လိုက်ပါတော့"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ရင်ထဲတွင် ယင်းစကားလုံးများ ဂယက်ထန်နေသည်။ ကျယ်လောင်စွာ မြည်ဟည်းနေသည်။ သူ၏မျက်နှာမှာ အလိုလိုနေရင်း ညှိုးရော်လာသည်။ ပင်ပန်းနွမ်းနယ်ဟန်ပေါက်နေသည်။ ရင်ထဲမှာလည်း လှုပ်ရှားရလွန်းသည်။ ပူနွေးရလွန်းသည်။

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏အဖြစ်ကို နားမလည်နိုင်အောင်ရှိသည်။ မျက်နှာအနေအထားကိုလည်း အကဲခတ်နိုင်စွမ်းမရှိ။ မိမိကို စူးစိုက်ကြည့်ရင်း ရုတ်ခြည်းပင်ပန်းနွမ်းနယ်ဟန် ပေါ်ပေါက်လာရသည်မှာ အဘယ်ကြောင့်ဟု မတွေးတတ်နိုင်။ ဆန်းကြယ်လှချေကလားဟုသာ အထင်ရောက်သည်။

စိတ်မှာ ပို၍ကျဉ်းကျပ်လာသည်။ စကားမပြောဖြစ်ဘဲ ငူငူကြီးထိုင်နေရသည့်အဖြစ်ကိုလည်း ဘဝင်မကျနိုင်။

"အစ်မကြီးအနေနဲ့ အရီတို့အငြိမ့်အဖွဲ့ကို ငှားခဲ့တာရော၊ ဆုချီးမြှင့်တဲ့အတွက်ပါ ကျေးဇူးတင်ပါတယ် အစ်မကြီး။ တခြားအကြောင်းထူးမရှိရင် အရီပြန်ပါရစေတော့။ အရီတို့အဖွဲ့သားတွေ ပြန်ချင်ကြပြီထင်ပါတယ်။ မနက်အစောကြီး ခရီးထွက်ဖို့ကလည်း ရှိနေပါသေးတယ်"




အဆုံးတွင် နန်းကိန္နရီ ဖွင့်ဟတောင်းပန်ရတော့သည်။

သို့တိုင်အောင် ဒေါ်ရေနံ့သာခင်ခင်ကြီး လှုပ်မလာသေး။ ဘာမျှလည်း ပြန်မပြော။ တစ်စုံတစ်ခုကို အလေးအနက်တွေးနေပုံရသည်။ နန်းကိန္နရီမှာ ထိုင်ရကောင်းနိုး၊ ထရကောင်းနိုး ဖြစ်နေသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရုတ်တရက် လှုပ်ရှားလာပြန်သည်။

"ဒါထက်၊ မင်းအနေနဲ့ ဦးမောင်ကလေး ဆိုတဲ့နာမည်ကို တစ်စွန်းတစ်စ ကြားဖူးသလားဟင်"

ယင်းအမေးအတွက် နန်းကိန္နရီမှာ ဆန်းကြယ်သလို ရှိသည်။

"မကြားဖူးပါဘူးရှင်" ဖြေသည်။

" ဦးကောင်းမိုးတို့၊ ဒေါ်သူဇာတို့၊ ဦးအောင်ခန့်တို့ ဒေါ်မြလေးတို့ဆိုတဲ့ နာမည်တွေကိုရော"

နန်းကိန္နရီ ခေါင်းခါပြသည်။

"မောင်မောင်ဦးဆိုတဲ့ နာမည်ကို ကောကွယ်"

ဒေါ်ရေနံ့သာခင်ခင်ကြီး ယင်းအမည်ကို မသုံးချင်သုံးချင် သုံးရဟန်မျိုးဖြင့် မေးသည်။

"မောင်မောင်ဦး"

နန်းကိန္နရီ ယင်းအမည်ကို ပဲ့တင်ထပ်သည်။

သည်တွင် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်ဝန်းမှာ တောက်ပလာသည်။ ကြည်လင်လာသည်။

"ဟုတ်တယ်။ အဲဒီနာမည်ကိုကော ကြားဖူးသလားဟင်"

နန်းကိန္နရီသည် ခေါင်းကို ဦးစွာယမ်းခါပြလိုက်သည်။

"အဲဒီနာမည်ကိုလည်း မကြားဖူးပါဘူးရှင်"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်သည်။ ကိုယ်မှာ ဆိုဖာပေါ်တွင် ညွတ်ခွေကျသွားသည့်နှယ်ဖြစ်သည်။ ရုတ်တရက်ဆိုသလို ခြေကုန်လက်ပန်း ကျသွားသည့်အသွင်ရှိသည်။

**" ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီ၏ပခုံးကို တယုတယဖက်လိုက်သည်။**

**"ဒီမှာပြောရဦးမယ် နန်းကိန္နရီ။ ကိုယ့်မှာလေ မင်းအရွယ်လောက်ရှိတဲ့ သမီးတစ်ယောက်ရှိခဲ့တယ်။ အဲဒီသမီးလေးလို မင်းကို ကိုယ်ချစ်တယ်။ မြတ်နိုးတယ်။ နောက်များဆိုရင် ကိုယ့်အိမ်ကို ဝင်ပါထွက်ပါ။ အကူအညီလိုရင်လည်းတောင်းပါ။ မင်းအတွက်ဆိုရင် ဘာမဆို အဆင်သင့်ရှိတယ်ဆိုတာ ယုံပါနော်။ မင်းဆီလည်း လာခဲ့ဦးမယ်။ ဟုတ်လား နန်းကိန္နရီ"**

**နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏မျက်ဝန်းကို စူးစိုက်ကြည့်ရင်း . . . "**

"အစ်မကြီး ဘာဖြစ်လို့မေးတာလဲဟင်"

"အို၊ ဘာမှမဖြစ်ပါဘူး။ မင်းက ရေနံချောင်းသူဆိုတော့ ဒီနာမည်တွေများ ကြားဖူးမလားလို့ပါ"

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား နားမလည်နိုင်သလို စိုက်ကြည့်နေမိသည်။

"အရီက ရေနံချောင်းသူဆိုပေမဲ့ ရေနံချောင်းကလူတွေနဲ့ သိပ်မသိလှပါဘူး။ သိပ်မရင်းနှီးလှပါဘူး"

ဒေါ်ရေနံ့သာခင်ခင်ကြီး ဘာမျှမပြောတတ်တော့သလို နေသည်။

"အရီ့ကို ပြန်ခွင့်ပြုပါဦး အစ်မကြီး"

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ခေါင်းကို ညိတ်ပြလိုက်သည်။ တာဝေးပြေးသမားတစ်ယောက် ပန်းဝင်အပြီးတွင် ခြေကုန်လက်ပန်းကျသွားသည့်နှယ် ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ ခြေကုန်လက်ပန်းကျသွားသည့်အသွင်ရှိသည်။

နန်းကိန္နရီ နေရာမှထသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏အပါးမှ ခပ်ယို့ယို့အမူအရာဖြင့် ထွက်လာသည်။ တံခါးပေါက်ဝသို့အရောက်၌ သူ့နောက်မှ ဒေါ်ရေနံ့သာခင်ခင်ကြီး လိုက်ပါလာသည်ကို တွေ့ရသည်။ ထို့ကြောင့်ပင် နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီးရောက်အလာကို စောင့်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီ၏ပခုံးကို တယုတယဖက်လိုက်သည်။

"ဒီမှာပြောရဦးမယ် နန်းကိန္နရီ။ ကိုယ့်မှာလေ မင်းအရွယ်လောက်ရှိတဲ့ သမီးတစ်ယောက်ရှိခဲ့တယ်။ အဲဒီသမီးလေးလို မင်းကို ကိုယ်ချစ်တယ်။ မြတ်နိုးတယ်။ နောက်များဆိုရင် ကိုယ့်အိမ်ကို ဝင်ပါထွက်ပါ။ အကူအညီလိုရင်လည်း တောင်းပါ။ မင်းအတွက်ဆိုရင် ဘာမဆို အဆင်သင့်ရှိတယ်ဆိုတာ ယုံပါနော်။ မင်းဆီလည်း လာခဲ့ဦးမယ်။ ဟုတ်လား နန်းကိန္နရီ"

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်ဝန်းကို စူးစိုက်ကြည့်ရင်း ခေါင်းညိတ်ပြသည်။ သူ့အနေနှင့် အိမ်ထဲမှထွက်ခဲ့ရာ ဒေါ်ရေနံ့သာခင်ခင်ကြီး သူ၏နောက်ကျောကို ငေးကြည့်ရင်း ကျန်ခဲ့သည်။

သို့ဖြင့် နန်းကိန္နရီသည် သူ့အား စောင့်ဆိုင်းနေကြသော အငြိမ့်အဖွဲ့ရှိရာသို့ ရောက်လာသည်။ ယခုအခါ ကားလိပ်များကိုလည်း ချပြီးနှင့်ပြီ။ ကန့်လန့်ကာများကိုလည်း သိမ်းပြီးနှင့်ပြီ။ ပစ္စည်းသယ်ယူမည့်ကားလည်း ရောက်ရှိနေနှင့်ပြီ။

နန်းကိန္နရီတို့အငြိမ့်အဖွဲ့ ရေနံ့သာမှ ထွက်ခွာသွားသည်ကို ဝရန်တာမှနေ၍ ဒေါ်ရေနံ့သာခင်ခင်ကြီး စောင့်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ၎င်းတို့အား သယ်ဆောင်သွားသောမော်တော်ကား ပျောက်ကွယ်သွားသည်အထိ ကြည့်နေမိခြင်း ဖြစ်သည်။

ပင့်သက်ကိုလည်း အခါခါချမိသည်။ သက်ပြင်းကိုလည်း အကြိမ်ကြိမ်ရှိုက်မိသည်။

မမဝင်းရီ သူ့အပါးသို့ ရောက်လာသည်။

"အိပ်ကြစို့လား" ဆိုသည်။

"ခင်ကြီး မအိပ်ချင်သေးဘူး"

"ညီမကိုကြည့်ရတာ တစ်မျိုးပဲ။ ဘာဖြစ်နေသလဲကွယ် "

မမဝင်းရီက ညည်းညူသလို ဆိုသည်။

"ဒီနေ့ ခင်ကြီး သိပ်ပြီး စိတ်လှုပ်ရှားရတယ် မမဝင်းရီ။ သိပ်ပြီး ရင်ခုန်ရတယ်။ ဒီဝေဒနာမျိုး ခင်ကြီးမှာ မပေါ်ပေါက်ခဲ့တာကြာပြီ"

မမဝင်းရီသည် ဘာမျှမပြောတတ်တော့သလိုရှိသည်။ ယောက်မဖြစ်သူနှယ်ပင် ငေးငေးငိုင်ငိုင်ဖြစ်နေသည်။

ရေနံ့သာသည် တိတ်ဆိတ်လျက်ရှိလေပြီ။ ငြိမ်သက်ခြင်းသည် ရေနံ့သာအား အခါတိုင်းကလို လွှမ်းခြုံလာသည်။

ရေနံ့သာခြံထောင့်ရှိ ပိတောက်ပင်မှ ဆွတ်ပျံ့ဖွယ်သော ပိတောက်ပန်းရနံ့ပျံ့လွင့်လာသည်။ စွဲလမ်းနှစ်ခြိုက်လှသော ပိတောက်ပန်းရနံ့သည် သူတို့၏ ရင်ကို အေးမြစေခြင်းငှာ မတတ်သာ။ ဆွတ်ပျံ့ကြည်နူးဖွယ်သော အတွေ့အထိကိုလည်း မပေးနိုင်စွမ်း။ ပိတောက်ကိုပင် မေ့လျော့နေမိသလို ရှိကြသည်။

သို့ပေမဲ့ ပိတောက်ပန်းတို့ကား လှိုင်လှိုင်ပွင့်ဆဲသာ။

x x x x x

[၄]

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ကြုံဆုံခဲ့သည့်ညက နန်းကိန္နရီ ကောင်းစွာအိပ်မပျော်နိုင်။ မိမိနည်းတူပင် ယင်းအမျိုးသမီးကြီးသည်လည်း အိပ်ပျော်နိုင်အံ့မထင်။

နန်းကိန္နရီ၏ မျက်ဝန်းအစုံဝယ် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ရုပ်သွင်ထင်ဟပ်နေသည်။ စွဲမြဲနေသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စကားများကို ကြားယောင်နေသည်။ စင်စစ်တွင် နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီးအား အပျိုကြီးတစ်ယောက်ဟု ထင်ခဲ့သည်။ လင်မရှိ၊ သားမရှိဟု မှတ်ယူခဲ့သည်။ ယခုလို သူ့သမီးငယ်တစ်ယောက်ရှိသည်ဟု သိရလေသောအခါ နန်းကိန္နရီ အံ့သြရသည်။ စဉ်းစားတွေးတောခြင်းလည်း ပြုရလေပြီ။ ဒေါ်ရေနံ့သာခင်ခင်ကြီးဟူသည် မည်သို့သော အမျိုးသမီးတစ်ယောက်ပေနည်းဟု ဆန်းစစ်ခြင်းပြုရသည်။

အကယ်၍ သူ ထင်မှတ်ခဲ့သည့်အတိုင်း အပျိုကြီးမဟုတ်ခဲ့ပါက မုဆိုးမပေလော၊ တစ်ခုလပ်ပေလော၊ သမီးကလေးဆိုသူမှာ အဘယ်မှာနည်း။ ဆုံးပါးခဲ့လေသလား စသည်ဖြင့် အတွေးဝင်္ကပါတွင် နန်းကိန္နရီ ချာချာလည်ခဲ့ရသည်။

မိမိအနေနှင့် ရေနံချောင်းဇာတိပါဟု ပြောမိခြင်းမှာ မှား၍များနေလေပြီလားမပြောတတ်။ နန်းကိန္နရီသည် မည်သည့်ပွဲတွင်မှ မိမိ၏ဇာတိကို ထုတ်ဖော်ပြောပြခြင်းမရှိခဲ့။ ပစ္စက္ခတွင် သူကျင်လည်လျက်ရှိရသော အသိုင်းအဝိုင်းမှာလည်း သည်အကြောင်းကို မပြောစဖူး။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ၂၀၂၂ အာရှ ဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာကစားသမားနှစ်ဦး ကွာတားဖိုင်နယ်တက်ရောက်



ကွာတားဖိုင်နယ် တက်ရောက်ခဲ့သည့် မင်းစည်သူထွန်း။

ရန်ကုန် မတ် ၁၇

၂၀၂၂အာရှဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို မတ် ၁၇ ရက်က ကာတာနိုင်ငံ၌ကျင်းပရာ မြန်မာဘိလိယက်ကစားသမား နှစ်ဦး ကွာတားဖိုင်နယ် တက်ရောက်သွားသည်။

မြန်မာဘိလိယက်ကစားသမားများဖြစ်သည့် ပေါက်စနနှင့် မင်းစည်သူ ထွန်းသည် အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စုဒုတိယရရှိကာ နောက်တစ်ဆင့် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ မင်းစည်သူထွန်းသည် အုပ်စု(ခ)တွင် ပါဝင်ပြီး ထာဝေ (ထိုင်း)ကို လေးပွဲပြတ်၊ ဟန်ဂျင်ဟွန် (တောင်ကိုရီးယား) ကို လေးပွဲပြတ်တို့ဖြင့် အနိုင်ရကာ ဆစ်ဝါလာ (အိန္ဒိယ)ကို ၄-၃ ပွဲဖြင့် အရှုံးနှိမ့်ခဲ့သဖြင့် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယရရှိသည်။ ပေါက်စ မှာမူ အုပ်စု(ဂ)တွင် ပါဝင်ခဲ့ပြီး မိုဟာမက်သာဟ (သီရိလင်္ကာ)ကို လေးပွဲပြတ်၊ ဟွမ်ချုံဟို (တောင်ကိုရီးယား) ကို လေးပွဲပြတ်၊ ဒါမာနီ (အိန္ဒိယ)ကို လေးပွဲ- တစ်ပွဲတို့ဖြင့် အနိုင်ရပြီး ပရာဗွတ်(ထိုင်း)ကို ၄-၃ ပွဲဖြင့် အရှုံးနှိမ့်သဖြင့် အုပ်စုဒုတိယနေရာသာရခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို အုပ်စုသုံးခုခွဲ၍ ကျင်းပခဲ့ပြီး အုပ်စုသုံးခုမှ ပထမနေရာ ရရှိသည့် သုံးဦးအနက် အကောင်းဆုံးနှစ်ဦးမှာ ဆီမီးဖိုင်နယ်အဆင့်မှ စတင် ကစားရမည်ဖြစ်ပြီး ကျန်တစ်ဦးနှင့် ဒုတိယနေရာရ သုံးဦးမှာ ကွာတားဖိုင်နယ် အဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲမှုအရ ကွာတားဖိုင်နယ် တွင် မြန်မာကစားသမားနှစ်ဦးဖြစ်သည့် ပေါက်စနှင့် မင်းစည်သူထွန်းတို့ ထိပ်တိုက်တွေ့ဆုံနေပြီး မတ် ၁၈ ရက်တွင် ကစားရမည်ဖြစ်သည်။ ယင်းပွဲမှ အနိုင်ရသူမှာ အိန္ဒိယနာမည်ကြီး ဘိလိယက်ကစားသမား အက်ဗာနီနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း-ကိုညီလေး

ဓာတ်ပုံ-Asian Confederation of Billiard Sports

# ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

ရန်ကုန် မတ် ၁၇

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲဖြစ်သော NSDF Futsal Invitation Championship 2022 အုပ်စုနောက်ဆုံးနေ့ကို မတ် ၁၇ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ အသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်သွား သည်။

အုပ်စုနောက်ဆုံးပွဲတွင် အီရန်အသင်းက မြန်မာအသင်း ကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အိမ်ရှင်ထိုင်းနှင့် အိုမန် အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။ မြန်မာအသင်းသည် အီရန်အသင်းနှင့် အုပ်စုပထမနေရာအတွက် အဆုံးအဖြတ်ပွဲ ကစားရခြင်းဖြစ်ပြီး အကောင်းဆုံးကြိုးစားသော်လည်း အာရှထိပ်သီးအသင်းတစ်သင်းဖြစ်သောကြောင့် ရှုံးပွဲကြုံတွေ့ ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ရှုံးပွဲကြုံတွေ့ခဲ့သော် လည်း ယင်းပွဲအတွက် အကောင်းဆုံးဆိုကို ဂိုးသမား ကျော်ထက်အောင်က ရရှိသည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု (က) ၌ ထိုင်းနှင့် အိုမန်အသင်းတို့ လေးမှတ်စီတူညီ သော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းက အုပ်စုပထမ၊ အိုမန်အသင်းက အုပ်စုဒုတိယရရှိသည်။ အုပ်စု (ခ) တွင်မူ အီရန်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ မြန်မာ အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၁၉ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ထိုင်းနှင့် မြန်မာ၊ အီရန်နှင့် အိုမန်အသင်းတို့ တွေ့ဆုံနေသည်။အုပ်စုအောက်ဆုံးနေရာရခဲ့သည့်မွန်ဂိုလီးယား နှင့် မော်လ်ဒိုက်အသင်းတို့မှာ အဆင့် (၅) နေရာလုပွဲ ကစား ရမည်ဖြစ်သည်။

ကိုညီလေး

# ညောင်တုန်းမြို့နယ်၌ အခြေခံပညာအလယ်တန်းအဆင့် နှစ်ဆုံးစာမေးပွဲကျင်းပ

ညောင်တုန်း မတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ၂၀၂၁-၂၀၂၂ ပညာ သင်နှစ် အခြေခံပညာအလယ်တန်းအဆင့်(အဋ္ဌမတန်း) နှစ်ဆုံးစာမေးပွဲကို မတ် ၁၇ ရက်မှ ၂၃ ရက်ထိ ကျင်းပမည်ဖြစ်ရာ ယနေ့ နံနက် ၉ နာရီမှ ၁၁ နာရီအထိ မြန်မာစာဘာသာကို မြို့နယ်အတွင်းရှိ စာစစ်ဌာနအလိုက် စတင် ဖြေဆိုကြောင်း သိရသည်။

အဆိုပါ စာမေးပွဲကို စာစစ်ဌာန ၃၃ ခုတွင် စာရင်းရှိ ကျောင်းသား ၄၀၈ ဦး၊ ကျောင်းသူ ၄၉၂ ဦး စုစုပေါင်း ၉၀၀ ရှိသည့်အနက် ယနေ့ မြန်မာစာ ဘာသာဖြေဆိုသူ ကျောင်းသား ၃၈၇ ဦး၊ ကျောင်းသူ ၄၆၈ ဦး စုစုပေါင်း ၈၅၅ ဦး၊ ဖြေဆိုရန် ပျက်ကွက်ကျောင်းသား ၂၁ ဦးနှင့် ကျောင်းသူ ၂၄ ဦး စုစုပေါင်း ၄၅ ဦးရှိပြီး ဖြေဆို ၉၅ ရာခိုင်နှုန်း၊ ပျက်ကွက် ၅ ရာခိုင်နှုန်းရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထို့အတူ တက္ကသိုလ်ဝင်တန်းအကြိုစာမေးပွဲကို မတ် ၁၇ ရက်မှစ၍ တစ်နေ့လျှင် တစ်ဘာသာနှုန်းဖြင့် နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီအထိ သက်ဆိုင်ရာ ကျောင်းအလိုက် ဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ထက်ဝေဖြိုး(ပြန်ဆက်)


ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ဖ/ရွှေနံ့သာအရှေ့ရပ်၊ မလိခလမ်းရှိ မြေကွက်အမှတ်(ဥ-၁၇၀၇) ဦးနိုင်လင်း [၉/ပမန(နိုင်)၁၃၇၇၄၁]၊ အဖအမည် ဦးကျော်မြင့် အမည်ပေါက်ပါမစ်မြေကွက်ကို ဦးအောင်ထွန်း [၉/ပမန(နိုင်)၁၈၅၇၀၂]၊ အဖအမည် ဦးလှရွှေမှ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ မြေကွက်နေရာ ယာယီချထားပေးသည့် လက်မှတ်မူရင်း၊ အရောင်းအဝယ်စာချုပ်မိတ္တူ၊ တရားရုံးကျမ်းကျိန် ဆိုချက်မူရင်း၊ ဝန်ခံကတိပြုချက်၊ နှစ်ဦးသဘောတူကတိဝန်ခံချက်၊ ရပ်ကွက်အုပ်ချုပ် ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ် ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## "အစည်းအဝေးအကြောင်းကြားစာ"

( မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ(၂၀၁၇)၊ ပုဒ်မ ၁၁၆(င)(၂)အရ )

SAN PYAE SHAN PUBLIC COMPANY LIMITED သည် မတည်ငွေရင်းလျှော့ချခြင်းအား အစုရှယ်ယာရှင်များ၏ အတည်ပြုချက်ရယူမည့် အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း အကြောင်းကြားအပ်ပါသည်-

အစည်းအဝေးကျင်းပမည့်နေ့ရက် ။ ။ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၅)ရက်။

အစည်းအဝေးကျင်းပမည့်အချိန် ။ ။ နံနက်(၉း၃၀)နာရီ

အစည်းအဝေးကျင်းပမည့်နေရာ ။ ။ အမှတ်-၄၈(အေ-၁)၊ အင်းယားလမ်း၊ (၁၀)-ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

SAN PYAE SHAN PUBLIC COMPANY LIMITED

Ph : 09-5159216 Email : nyizwe@gmail.com

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅-အီး၁)၊ မြေကွက်အမှတ်(၆၂ဒီ/၁)၊ ဧရိယာ(၀.၁၀၅)ဧက၊ ဂရန်ရှိမြေပိုင်မြေကွက်နှင့် ယင်း မြေကွက်သည်အမှတ်(၉၆)၊ သာသနာ့ရိပ်သာလမ်း၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သည့် နေရာတွင်တည်ရှိသော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အမည်ပေါက် (၁)ဦးသီဟလင်း[၈/ပခက(နိုင်)၁၅၂၉၆၂]၊ (၂) ဦးအောင်ဇော်ဦး [၁၂/သဃက(နိုင်) ၀၃၆၀၄၄]၊ (၃)ဦးကျော်စွာလင်း[၇/ပခတ(နိုင်)၀၀၀၄၄၃]တို့ထံမှ ကျွန်ုပ်၏မိတ် ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေပြီးဖြစ်သဖြင့် ကန့်ကွက်လိုသူများသည် ဤကြေငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများနှင့်တကွ လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကိုဆက်လက်ပြုလုပ်တော့မည်ဖြစ်ကြောင်း အများသိ စေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းဝင်း(တရားလွှတ်တော်ရှေ့နေ)(စဉ်-၂၁၇၂)
B.A(LAW)LL.B(Advocate), D.B.L,D.M.L.D.I.L, D.A.Psy.
WIPo, DL (101), (201), (317) Switzerland (Geneva).
အမှတ် (၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂) ရပ်ကွက်၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉ - ၅၀၇၁၂၀၆၊ ၀၉ - ၉၇၄၇၃၅၆၈၆

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့သစ်အရှေ့ရပ်ကွက်၊ အထက (၂) ကျောင်းလမ်း၊ အမှတ်(၁၆)နေ (ဘ) ဦးကျော်ဝင်းအောင်၏ သား ဦးဇေယျာ အောင်[၉/အမဇ(နိုင်)၀၀၃၉၁၈]နှင့် (ဘ) ဦးသက်နိုင်၏သမီး ဒေါ်မေသက်မွန်[၁၂/ သလန(နိုင်)၁၀၁၅၃၂]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ်(၄)၊ မြူနီစပါယ်ဈေးအကွက်၊ အကွက်အမှတ်(၁၃)၊ ဦးပိုင် အမှတ် ၁၀၆(က)/၁၉၉၀-၉၁ ၊ ဟံသာဝတီခရိုင် လယ်ဝန်ရုံး၏ စာအမှတ်-၁၀၈၉/၃(ခ)ဟံ ၁၉၆၁-၆၂ ဖြင့် ၁၄-၁၀-၆၁နေ့ လ/န(၃-ခ) ရရှိထားပြီး ဧရိယာ(၀.၀၅၅)ဧက ခြံမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုး၊ ရေမီး အစုံပါဝင်သည့် (ပေ ၂၅xပေ ၃၀)ရှိ ၂-ထပ်တိုက်နှင့် သီးပင်စားပင် တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁) ဦးအုန်းအေး (ဘ) ဦးထွန်းမောင် [၁၂/သလန(နိုင်)၀၇၂၈၆၆]၊ (၂) ဒေါ်မာမာသန်း (ဘ) ဦးတင်အေး [၁၂/သလန(နိုင်) ၀၁၂၂၂၉]တို့မှ စာချုပ်အဆက်စပ်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ များအား အရောင်းအဝယ်ပြုရန် ကမ်းလှမ်းပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေများမှ လည်း သဘောတူပါသောကြောင့် အရောင်းအဝယ်၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ခဲ့ပါသည်။ အထက်ပါကိစ္စနှင့် ပတ်သက်၍ မကျေနပ်ခြင်း၊ သဘောတူညီမှုမရှိခြင်း ကန့်ကွက်လိုပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံအထောက်အထားခိုင်လုံသည့် စာရွက်စာတမ်း အပြည့် အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ
၁။ ဦးဇေယျာအောင်
[၉/အမဇ(နိုင်)၀၀၃၉၁၈]
၂။ ဒေါ်မေသက်မွန်
[၁၂/သလန(နိုင်)၁၀၁၅၃၂]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချိုချိုလင်း
LL.B, H.G.P,D.B.L,D.I.L,D.M.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၀၁၁)
LAW-FIRM
ဆက်သွယ်ရန်လိပ်စာ၊ ရုံးခန်းတာဝန်ခံ
ဦးဟာဆန် (LL.B.,Dip.In P.P)
Legal Advicer & Consultant
အမှတ်(၁၆)၊ ပန်းတိမ်တန်းလမ်း၊
မြို့သစ်အလယ်ရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၄၅၀၀၃၆၂၄၀၊ ၀၉-၄၄၃၂၁၁၅၉၁၊
၀၉-၇၈၆၂၃၂၃၂၉

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၇/အရှေ့၊ မြေကွက်အမှတ်-၈၉၉/ခ၊ မြေဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာ အမှတ်-၈၉၉/ခ၊ အောင်သပြေအရှေ့(၁၀) လမ်း၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးလှစိန်[၁၂/သကတ(နိုင်)၀၅၉၉၆၇]၊ ဒေါ်လှ ရင်(AD-၀၁၁၀၄၁)အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား တရားလို ဦးကျော်မိုးလွင်မှ တရားပြိုင် ဦးလှစိန်၊ ဒေါ်လှရင်တို့အပေါ် သာကေတမြို့နယ်တရားရုံး၏ ၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉ဖြင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ဖြင့် စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသဖြင့် (၁၄-၈- ၂၀၂၀)ရက်စွဲပါ အနိုင်ဒီကရီတာဝန်ခံမိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံး၏ ၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၏ (၁၁-၆-၂၀၂၁) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံ မိတ္တူမှန်၊ သာကေတမြို့နယ်တရားရုံး၏ (၂၁-၆-၂၀၂၁)ရက်စွဲပါစာအမှတ်-၃၂၄/ဇာရီ- ၃/၂၀၂၁ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသား စိစစ်ရေးကတ်မူရင်းတို့ တင်ပြ၍ တရားရုံး ကိုယ်စား ဘီလစ် ဒေါ်မိုးပပမျိုး[၁၂/ဥကတ (နိုင်)၁၄၈၈၅၇]မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ကန့်ကွက်ရန် ရှိပါက တရားဝင်ခိုင်လုံသော အထောက် အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများ အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ် ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

## အမွေပစ္စည်းဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ၁။ ဦးခင်ဇော်[၁၂/ရကန(နိုင်)၀၆၅ ၇၈၉]နှင့် ၂။ ဒေါ်စန္ဒာ[၁၂/ရကန(နိုင်)၀၆၆၅၃၀](ခေတ္တဆွစ်ဇာလန်နိုင်ငံတွင်နေ ထိုင်သူ)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာ အပ်ပါသည်-

ကျွန်ုပ်၏အမှုသည်များ၏ဖခင် ဦးလှစိန်သည် ၁၉၉၀ခုနှစ်တွင်လည်း ကောင်း ကွယ်လွန်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်စိန်ကြည်မှာလည်း ၂၀၂၁ခုနှစ်တွင် လည်း ကောင်း အသီးသီးကွယ်လွန်ခဲ့ကြပါသည်။ မိဘများကွယ်လွန်ချိန်တွင် အမွေပစ္စည်း အဖြစ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စိန်ကြည် အမည်ပေါက်ဖြင့် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂/ကံဘဲ့၊ မြေကွက်အမှတ်-၂၀(ခ)၊ ရန်ကင်းမြို့နယ်၊ ၁၄-ရပ်ကွက်၊ ကျောက် ကုန်းလမ်း၊ အမှတ်(၉)ဟုခေါ်တွင်သောမြေနှင့် အဆောက်အအုံအပါအဝင် အတွင်း ပစ္စည်း ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများ ကျန်ရစ်ခဲ့ပါသည်။

အဆိုပါအမွေပစ္စည်းများဖြစ်သော မြေအဆောက်အအုံနှင့် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာပစ္စည်းများအား ကျွန်ုပ်၏အမှုသည်များ၏ တရားဝင်ခွင့်ပြုချက်၊ သဘောတူညီချက်မပါရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ ပေးကမ်း ခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းများ လုံးဝမပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်ခဲ့သူများအပေါ် တည်ဆဲဥပဒေများအရ သက်ဆိုင်ရာတရားရုံးများတွင် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သက်ဆိုင်သူ များနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးခင်ဇော်နှင့်ဒေါ်စန္ဒာတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နှင်းမြတ်(LL.B,D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၃၄/၂၀၁၅)
Mandamus Legal Law Firm ဖုန်း-၀၉-၄၂၁၁၆၇၇၆၈
အမှတ်-၇၈၈၊ ဇဋ္ဌိလ(၄)လမ်း၊ ၁၆/၁ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊
ရန်ကုန်မြို့။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဦးစန်းကို [၁၀/မလမ(နိုင်)၀၈၉၁၄၅]နှင့် ဒေါ်နီလာအေး [၁၀/မလမ(နိုင်)၁၆၁၈၄၆]တို့၏ သားဖြစ်သူ မောင်မြင့်မြတ်ကို [၁၀/မလမ(နိုင်)၂၇၁၀၇၄] သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော ပြုမူလုပ်ဆောင်ချက်များကြောင့် ရာသက်ပန် အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဖခင် ဦးစန်းကို [၁၀/မလမ(နိုင်) ၀၈၉၁၄၅]
မိခင် ဒေါ်နီလာအေး [၁၀/မလမ(နိုင်)၁၆၁၈၄၆]

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၇ ဆူ | ၁၆၂ ဆူ | ၅၆၅ ဆူ |
| ၂။ | ခမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၁ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၁. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း ၁ ခန်း) | ၁၃၂၂. ၀၀ | ၉ ခန်း | - | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ငြိမ်းချမ်းရေးဆိုင်ရာဆောင်ရွက်လျက်ရှိသည့် အခြေအနေ

**အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ညှိနှိုင်းရေးကော်မတီ စတဲ့ကော်မတီ ၃ ရပ်ကိုဖွဲ့စည်းခဲ့ပြီး ဆောင်ရွက်နေလျက်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ညှိနှိုင်းရေးကော်မတီဟာ ယနေ့အထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ၁၆ ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုသေးတဲ့ EAO တွေနဲ့ ၉ ကြိမ်၊ နိုင်ငံရေးပါတီတွေနဲ့ ၇ ကြိမ်၊ ဘာသာရေးခေါင်းဆောင်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့တွေနဲ့ ၂ ကြိမ် စုစုပေါင်း ၃၄ ကြိမ်တွေ့ဆုံခဲ့ပါတယ်။**

**တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှစပြီး ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအတွက် ထုတ်ပြန်ချက်ပေါင်း အကြိမ်(၂၀)ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ၂၀၂၂ ခုနှစ် နှစ်ဆန်းပိုင်းမှာ ကမ္ဘောဒီးယားဝန်ကြီးချုပ်နဲ့တွေ့ဆုံမှုအပြီး နှစ်နိုင်ငံသဘောတူထုတ်ပြန်ချက်မှာ ယခုနှစ်ကုန်ပိုင်းအထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် လိုက်လံရောင်းချပေးလျက်ရှိ

နေပြည်တော် မတ် ၁၇

စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူနိုင်ရန် စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ နှုန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လိုက်လံရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းမှ သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❒



### ယနေ့ ဖတ်စရာ

ဒေသတွင်းမှာ ခေတ်မီတပ်မတော်တစ်ရပ် တည်ဆောက်ဖို့ လိုကိုလိုအပ်နေတယ်ဆိုတာ ...
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၂-ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မည့်သူများအတွက် ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ခေါ်ယူရေး ကြေညာချက်
စာမျက်နှာ » ၉

အကြမ်းဖက်သမားများက မူလတန်းကျောင်းအုပ်ဆရာမကြီး တစ်ဦးကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်၊ မင်းတုန်းအခြေခံပညာအထက်တန်းကျောင်းအား ဖောက်ခွဲဖျက်ဆီး
စာမျက်နှာ » ၁၅

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်
စာမျက်နှာ » ၂၃

## စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အကြမ်းဖက်သမားများက ခရစ်ယာန်ဘာသာရေးကျောင်းအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး

နေပြည်တော် မတ် ၁၇

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် ပြည်သူလူထုအကြား စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာအဆောက်အအုံများ၊ လမ်းတံတားများနှင့် စာသင်ကျောင်းများအား အကြမ်းဖက်ဖောက်ခွဲမှုများပြုလုပ်ခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုများပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများကို ရက်စက်စွာ လုပ်ကြံသတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အပြင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကိုပါ မီးရှို့ဖျက်ဆီးခြင်း၊ အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခြင်းနှင့် မိုင်းထောင်ဖောက်ခွဲခြင်းတို့ကို စိတ်နှလုံးညှိုးနွမ်းဖွယ်ရာ ပြုလုပ်လျက်ရှိသည်ကို တွေ့ရှိရသည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ■



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ အကြမ်းဖက်သမားများက ခရစ်ယာန်ဘာသာရေးကျောင်းအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။